မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်၊ ၂၀၀၅ ခုနှစ်၊ မတ် ၁၄ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၆၅)

ခပေါင်းရေလှောင်တမံဘက်စုံစီမံကိန်း

ခပေါင်းရေလှောင်တမံဘက်စုံစီမံကိန်းကို အုတ်တွင်းမြို့နယ် ခပေါင်းချောင်း၌ တည်ဆောက် အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ တမံအလျား ပေ ၉၂၀၊ တမံအမြင့် ပေ ၂၀၀ရှိ မြေသားတမံဖြစ်ပြီး လယ်မြေဧရိယာကေတစ်သိန်းကို ရေပေးသွင်းစိုက်ပျိုးနိုင်မည်ဖြစ်ကာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀ ထုတ်ယူရရှိမည်ဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ခပေါင်းရေလှောင်တမံဘက်စုံစီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

စီမံကိန်းပြီးစီးပါက လယ်မြေကေတစ်သိန်းရေပေးနိုင်ပြီး ဓာတ်အားမဂ္ဂါဝပ်၃၀ထုတ်ယူရရှိမည်

လုပ်ငန်းများ ဖြစ်နိုင်သမျှအချိန်စောပြီးစီးရေးနှင့် စနစ်တကျလုပ်ကိုင်ရေး မှာကြား

ရန်ကုန် မတ် ၁၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကို၊အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ မတ် ၁၁ ရက် ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရဟတ်ယာဉ်များဖြင့် ရွှေကျင်မြို့မှ အုတ်တွင်းမြို့နယ်ရှိ ခပေါင်းရေလှောင်တမံဘက်စုံစီမံကိန်းသို့ရောက်ရှိရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအုန်းမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အုတ်တွင်းမြို့နယ်ရှိ ခပေါင်းရေလှောင်တမံဘက်စုံစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ မတ်လ ၁၄ ရက်)

ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး ဖွံ့ဖြိုးတိုးတက်စေရေး တိုင်းရင်းသားပြည်သူများ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း မြစ်ချောင်းများ၊ သဘာဝရေထွက်များသည် နှစ်ပေါင်းများစွာကပင် ဖြစ်တည်စီးဆင်းလျက်ရှိသည်။ အဆိုပါ သဘာဝသယံဇာတ အရင်းအမြစ်များကိုအသုံးချ၍ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားရေးဘဝမြင့်မားတိုးတက်စေရေးအတွက် ကြိုးပမ်းအားထုတ်လျက်ရှိသည်။

အမိမြေကပေးသော ရေအားလျှပ်စစ်ဓာတ်အား အသုံးပြုမှု အချိုးအစားသည် ယခုအခါ ရှစ်ပုံတစ်ပုံမျှသာ အသုံးပြုနေပေသေးသည်။ တပ်မတော်အစိုးရ လက်ထက်တွင် တိုးတက်လာသည့် လူဦးရေနှင့် ဖွံ့ဖြိုးလာသည့် လူနေမှုဘဝကို ဖူလုံပြည့်စုံစေရန် ကြွယ်ဝလှသည့် သဘာဝအရင်းအမြစ်များကို ထုတ်ယူကာ တိုင်းရင်းသား ပြည်သူများအတွက် ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မတ်လ ၁၁ ရက်နေ့က ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် ပဲခူးတိုင်း ရွှေကျင်မြို့ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ကျောက်နဂါးကျေးရွာအနီး၌ တည်ဆောက်လျက်ရှိသည့် ရွှေကျင်ရေအားလျှပ်စစ် စီမံကိန်းသို့ရောက်ရှိပြီး တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင်–

"မကြာမီ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း ပြီးစီးသွားသည့်အခါ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများပါ ဖွံ့ဖြိုးလာမည့် အခြေအနေကောင်းများလည်း ရှိနေကြောင်း၊ ဤဒေသသည် စစ်တောင်းမြစ်၏ အရှေ့ဘက်ကမ်း၌ အချက်အချာကျသည့်ဒေသဖြစ်၍ ဤဒေသဖွံ့ဖြိုးတိုးတက်သွားပါက ဆက်စပ်နေသော ပတ်ဝန်းကျင် ကျေးလက်ဒေသများသည်လည်း ဖွံ့ဖြိုးသွားမည်ဆိုသည့် မျှော်မှန်းချက်ဖြင့် နိုင်ငံတော်အပိုင်းက လိုအပ်သည်များကို ယခုကဲ့သို့ ဖြည့်ဆည်းလုပ်ကိုင်ပေးနေခြင်းဖြစ်ကြောင်း"

မှာကြားသွားသည်။

ရွှေကျင်ရေအားလျှပ်စစ် စီမံကိန်းကို ရွှေကျင်ချောင်းပေါ်၌ တည်ဆောက်အကောင်အထည်ဖော်နေခြင်းဖြစ်ပြီး ၁၈ ဒသမ ၇၅ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သည့် စက်လေးလုံးတပ်ဆင်ကာ လျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ် ထုတ်ယူနိုင်မည့် စီမံကိန်းဖြစ်သည်။

စစ်တောင်းမြစ်ဝှမ်းဒေသတွင် ရေအားလျှပ်စစ်စီမံကိန်းများကို လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်း ပဲခူးမြို့နယ်တွင် ဇောင်းတူ ရေအားလျှပ်စစ်စီမံကိန်းကို တည်ဆောက်ပေးခဲ့ပြီး ဖြစ်သည်။ ဆက်လက်၍ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း၊ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း၊ ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်း၊ ခပေါင်းရေအားလျှပ်စစ်စီမံကိန်း၊ ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်း၊ ပသိရေအားလျှပ်စစ်စီမံကိန်းနှင့် မန္တလေးတိုင်း၌ ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း၊ အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းတို့ကို တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည်။

စစ်တောင်းမြစ်ဝှမ်းဒေသ၌ ဆက်လက်တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်းများမှာ ပဲခူးတိုင်း၌ သောက်ရေခပ်နှင့် ဘောဂထရေအားလျှပ်စစ်စီမံကိန်းနှစ်ခုရှိပြီး မန္တလေးတိုင်းတွင် နမ်ချိုရေအားလျှပ်စစ်စီမံကိန်းတို့ ဖြစ်ကြောင်း သိရသည်။

တပ်မတော်အစိုးရက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလတိုစီမံကိန်းများကို အောင်မြင်စွာ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ရာ နိုင်ငံတော်တစ်ဝန်းလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ပဲခူးတိုင်းသည်လည်း အရှိန်အဟုန်ရှိရှိ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

ရွှေကျင်ဒေသ၌ မိုးစပါး၊ နွေစပါးကို လျာထားချက် ကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့ရာ ဒေသဆန်ဖူလုံလာပြီး ဆောင်းသီးနှံနှင့် နှစ်ရှည်ပင် သီးနှံများကိုပါ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့သည်။ ရွှေကျင်မြို့နယ်တွင် နှစ်ရှည်ပင်ရော်ဘာ ဧကသုံးသောင်းကျော်အထိ တိုးချဲ့စိုက်ပျိုးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ရွှေကျင်ဒေသသည် ရန်ကုန်မြို့နှင့် မိုင်၁၀၀ကျော်သာ ကွာဝေးသော်လည်း တစ်ချိန်က လမ်းပန်းဆက်သွယ်မှုခက်ခဲ၍ နီးလျက်နှင့်ဝေးခဲ့ရသည်။ ယင်းအခက်အခဲကို ကျော်လွှားနိုင်ရန် နိုင်ငံတော်က ညောင်လေးပင် –မဒေါက်လမ်းကို အဆင့်မြှင့်ပြုပြင်ပေးခဲ့ပြီး စစ်တောင်းမြစ်ကူး ရွှေကျင်တံတား(မဒေါက်)ကို တည်ဆောက်ပေးခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်က ရွှေကျင်ဒေသအပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံအဆောက်အအုံများကို ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိရာ ဒေသခံတိုင်းရင်းသား ပြည်သူများကလည်း မိမိဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၁၄-၃-၂၀၀၅
(တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၆။ မျိုးချစ်တပ်မတော်
၄း၄၅ ၇။ ကြည့်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၀၀ ၈။ **"မမှောင်သောအလင်း"** (အပိုင်း–၂)
၅း၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရင်မှာတိုးဝှေ့ မွေးနေဆဲ"** (အပိုင်း–၁၄)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ မေးမြန်းစူးစမ်း
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပညာဉာဏ်ကြီး ဘုန်းမီးနေလ"** (အပိုင်း–၂၅)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ဂုဏ်ပြုကြိုဆို မီးသတ်တပ်ဖွဲ့ဝင်များ သန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် မတ် ၁၃

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြည်သူ့အကျိုးပြု သန့်ရှင်းရေး ဆောင်ရွက်ခြင်းကို မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အရာရှိကြီးများ၊ ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာနမှူးတို့ ဦးဆောင်၍ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား ၃၅၀တို့သည် ယမန်နေ့နံနက်က သင်္ဃန်းကျွန်းမြို့နယ်ရှိ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)တွင် သန့်ရှင်းရေးလုပ်ငန်းများဖြစ်သော ရေနုတ်မြောင်းများတူးဖော်ခြင်း၊ မြက်ပင်ချုံနွယ်များ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

လိုက်လံကြည့်ရှု

မီးသတ်တပ်ဖွဲ့ဝင်များ၏ သန့်ရှင်းရေး ဆောင်ရွက်ရာသို့ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ အမှတ်(၂) စစ်ဒေသမှူး၊ အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဆေးသိပ္ပံပညာ ဦးစီးဌာန ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်နေ့ဂုဏ်ပြု ကြိုဆို စုပေါင်းသွေးလှူဒါန်းပွဲ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်

ရန်ကုန် မတ် ၁၃

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် အမျိုးသမီးရေးရာကော်မတီတို့၏ စုပေါင်းသွေးလှူဒါန်းပွဲနှင့် ထာဝရသွေးလှူရှင်အဆိုပြုလွှာပေးအပ်ပွဲကို မတ် ၁၁ ရက် နံနက်ပိုင်းက တောင်ကြီးမြို့ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးအစည်းအဝေးခန်းမတွင်ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာကော်မတီဝင်များ၊ သွေးလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အစီအစဉ်အရ တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်က အမှာစကားပြောကြားပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့်အမျိုးသမီးရေးရာကော်မတီမှ သွေးလှူဒါန်းသူများ ကိုယ်စား ဦးစိုင်းသီဟက သွေးလှူဒါန်းရခြင်းအကြောင်းကိုလည်းကောင်း၊ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးမှ ရောဂါဗေဒဆရာဝန်ကြီးဒေါက်တာဦးစောသန်းနိုင်က ကျေးဇူးတင်စကားကိုလည်းကောင်း အသီးသီးရှင်းလင်းပြောကြားကြသည်။

ထို့နောက် ထာဝရသွေးလှူရှင်အဆိုပြုလွှာများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တောင်ကြီးမြို့နယ် အတွင်းရေးမှူး ဦးမောင်မောင်ဝင်းကပေးအပ်ရာ စဝ်စံထွန်းပြည်သူ့ဆေးရုံ ခေတ္တဆေးရုံအုပ်ကြီး ဒေါက်တာဦးတင်ကျော်ဦးက လက်ခံရယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူးသည် လှူဒါန်းသည့် သွေးများလက်ခံနေမှုနှင့် သွေးလှူဒါန်းနေမှုအခြေအနေကို လှည့်လည်ကြည့်ရှုအားပေးပြီး သွေးလှူရှင်များအား ထောက်ပံ့ငွေများပေးအပ်သည်။ ဆက်လက်၍ သွေးလှူရှင်များအတွက် ကြက်ဥအလုံး၂၀၀ကို တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးဒေါက်တာဦးသန်းအေးက ပေးအပ်လှူဒါန်းရာ ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးဒေါက်တာဦးစိုင်းခမ်းလှိုင်က လက်ခံရယူသည်။

အဆိုပြုလွှာများပေးအပ်

အဆိုပါစုပေါင်းသွေးလှူဒါန်းပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်၃၅ဦးနှင့် အမျိုးသမီးရေးရာကော်မတီဝင်၃၅ဦး စုပေါင်းသွေးလှူကြပြီး တောင်ကြီးမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ကျောင်းသားကျောင်းသူ ၄၆၄ ဦးတို့က ထာဝရသွေးလှူရှင် အဆိုပြုလွှာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

✳ ကျောဖုံးမှ

ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးနှင့်ဘာသာရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူဆောက်တည်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက ပဲခူးတိုင်း တောင်ငူမြို့ပေါ်နှင့် တောင်ငူမြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား ဆွမ်းဆန်တော်၊ ဆီနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် တောင်ငူမြို့ ဓမ္မာစရိယတက္ကသိုလ် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခန္တီသာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ပဲခူးတိုင်း သာသနာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်လှက ဆောင်ရွက်ပြီး အခမ်းအနား အစီအစဉ်များလို ဖတ်ကြားလျှောက်ထားတင်ပြသည်။

ငါးပါးသီလခံယူ

အစီအစဉ်အရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် တောင်ငူမြို့ ဓမ္မာစရိယတက္ကသိုလ် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခန္တီသာရထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် တောင်ငူမြို့ ဓမ္မာစရိယတက္ကသိုလ် ပဓာန နာယက ဆရာတော်ကြီးအားဆွမ်းဆန်တော်၊ ဆီနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် တောင်ငူမြို့ ကန်တော်ပေါက်ကျောင်း ပဓာန နာယကဆရာတော် ဘဒ္ဒန္တအာစိဏ္ဏအား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တောင်ငူမြို့ ကန်တော်ပေါက်ကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တအာစိဏ္ဏအား ဆွမ်းဆန်တော်၊ ဆီနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် တောင်ငူမြို့ ဓမ္မာစရိယတက္ကသိုလ် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခန္တီသာရအား ဆွမ်းဆန်တော်၊ ဆီနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများသည် ဆရာတော်ကြီးများအား ဆွမ်းဆန်တော်၊ ဆီနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ

ယင်းနောက် မြို့နယ်သံဃနာယကအဖွဲ့ဝင် တောင်ငူမြို့ ကြာနီကန်စာသင်တိုက် ပဓာနနာယက မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသူရိယက အနုမောဒနာတရားချီးမြှင့်တော်မူပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)



တရုတ်နိုင်ငံ၏ အဝေးပြေးလမ်းမကြီးများအရှည် ၂၀၁၀ပြည့်နှစ်၌ ကီလိုမီတာ ၂၁သိန်း ၃သောင်းအထိရောက်ရှိမည်

ပေကျင်း မတ် ၁၁

တရုတ်နိုင်ငံ၏ အဝေးပြေးလမ်းမကြီးများ အရှည်သည် ၂၀၁၀ပြည့်နှစ်တွင် ကီလိုမီတာ ၂၁သိန်း ၃သောင်းရောက်ရှိမည်ဟု ဆက်သွယ်ရေးဝန်ကြီးဌာနက ကြာသပတေးနေ့၌ ထုတ်ပြန်လိုက်သည့် အဝေးပြေးလမ်းမကြီးများနှင့် ရေကြောင်းလမ်းဆိုင်ရာ အစီအစဉ်အရ သိရှိရသည်။

၂၀၁၀ပြည့်နှစ်၌ တရုတ်နိုင်ငံသည် အဝေးပြေးလမ်းမကြီးများ၏ အရှည် ကီလိုမီတာ ၅၅၀၀၀ကို နောက်ထပ်ဖောက်လုပ်မည်ဖြစ်ရာ လူဦးရေ ၂၀၀၀၀၀ ကျော်ရှိသော မြို့ကြီးများသို့ ရောက်ရှိမည်ဖြစ်ကြောင်း အဆိုပါအစီအစဉ်အရ သိရသည်။

တရုတ်နိုင်ငံသည် ယင်း၏ ဆိပ်ကမ်းစွမ်းဆောင်နိုင်မှုကိုလည်း တန်ချိန် ၆၁သိန်း ၄ဘီလီယံအထိ တိုးမြှင့်ပြီး ကုန်သေတ္တာစွမ်းဆောင်နိုင်မှုကို တီအီးယူ သန်း ၁၀၀အထိ တိုးမြှင့်ရန် ရည်ရွယ်ထားသည်။

ထို့ပြင် ဆက်သွယ်ရေးဝန်ကြီးဌာနသည် အဝေးပြေးလမ်းမကြီးနှင့် ရေကြောင်းပို့ဆောင်ရေးတို့၌ မတော်တဆမှုများ လျော့နည်းအောင်လည်း လုပ်ဆောင်သွားမည်ဖြစ်သည်။ ပို့ဆောင်ရေးသတင်းပြန်ကြားမှု၊ ဝန်ဆောင်လုပ်ငန်းအပြင် စောင့်ကြည့်စနစ်နှင့် ဝန်ဆောင်လုပ်ငန်းများ ထူထောင်ခြင်းဖြင့် မတော်တဆမှု လျော့နည်းအောင် လုပ်ဆောင်မည်ဟု ဆိုသည်။

ထို့ပြင် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ယာဉ်အစီး ၁၀၀၀၀နှင့် ကီလိုမီတာ သန်း ၁၀၀တွင် လမ်းနှင့် ရေကြောင်းလမ်း၌ မတော်တဆမှုကြောင့် သေဆုံးသူအရေအတွက် ၁၀ဦးအောက် လျော့ကျစေရန်လည်း ရည်ရွယ်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ

နှစ်နိုင်ငံပညာရေး အဆင့်အတန်းမြှင့်တင်ရေး ဖိလစ်ပိုင်နှင့် ဘရူနိုင်းတို့ သဘောတူညီ

မနီလာ မတ် ၁၂

ဖိလစ်ပိုင်နှင့် ဘရူနိုင်းနိုင်ငံတို့သည် နှစ်နိုင်ငံပညာရေးအဆင့်အတန်း မြှင့်တင်ရန်အတွက် နားလည်မှုစာချွန်လွှာ အမ်အိုယူတစ်ရပ်တွင် သဘောတူညီခဲ့ကြကြောင်း မနီလာရုပ်မြင်သံကြားမှ အင်္ဂါနေ့တွင် ထုတ်လွှင့်သည်။

အဆိုပါ အမ်အိုယူသည် ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရန်နှင့် ပြည်သူအချင်းချင်း ဆက်ဆံရေး ကျယ်ပြန့်စေရန် ကြိုးပမ်းခြင်းဖြစ်သည်ဟု အလုပ်သဘောအရ ဘင်ဒါဆီရီဘီဂါဝမ်၌ နှစ်ရက်ကြာ အလည်အပတ်ရောက်ရှိနေသည့် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး အယ်လ်ဘာတိုရိုမူလိုက ပြောကြားကြောင်း အေဘီအက်စ်-စီဘီအင် သတင်းဌာနက ပြောကြားသည်။

သဘောတူညီ

လွန်ခဲ့သည့်နှစ်က ဘရူနိုင်းအစိုးရသည် ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မင်ဒါနာအိုကျွန်းတွင် ပညာရေး အဆင့်မြှင့်တင်ရန်အတွက် ပြဋ္ဌာန်းစာအုပ်များနှင့် သင်ကြားရေးဆိုင်ရာ အရင်းအမြစ်များအား ဖိလစ်ပိုင်သို့ပေးရန် သဘောတူညီခဲ့သည်။

ပညာရေးအပြင် ရိုမူလိုသည် မင်ဒါနာအိုတွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းရန် ဘရူနိုင်း၏ ကတိပြုမှုနှင့်ပတ်သက်၍ ဆွေးနွေးရန်အတွက် ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီး မင်းသားမိုဟာမက်ဘိုလ်ကီးယား၊ ဆူလ်တန်ဟာဂျီဟက်ဆာနယ်လ် ဘိုလ်ကီးယားနှင့် အိမ်ရှေ့မင်းသား ဟာဂျီအယ်လ်မူတာဒီဘီလ်လာတို့နှင့်လည်း တွေ့ဆုံရန် စီစဉ်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ

ရောင်းချ

တရုတ်နိုင်ငံ ပေကျင်းရှိ ဟင်းသီးဟင်းရွက် ဈေးတစ်ဈေး၌ ခရမ်းချဉ်သီးများ ရောင်းချနေသည်ကို မတ် ၁၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နီပေါ-အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်စေရန် နိုင်ငံခြားရေးဝန်ကြီးနှစ်ဦးဆွေးနွေး

နယူးဒေလီ မတ် ၁၂

နီပေါနိုင်ငံတွင် ဖြစ်ပေါ်ပြောင်းလဲမှုများကို နီပေါနိုင်ငံခြားရေးဝန်ကြီး ရာမက်ရှိနာ့သ်ပန်ဒီနှင့် အိန္ဒိယ ပြည်ပရေးရာဝန်ကြီး ကေနက်ဝါဆင်းတို့သည် နယူးဒေလီ၌ တနင်္လာနေ့က ဆွေးနွေးခဲ့ကြသည်။

နီပေါနိုင်ငံခြားဝန်ကြီး ပန်ဒီသည် သုံးရက်ကြာ လုပ်ငန်းသဘော အိန္ဒိယ၌ လည်ပတ်ရန်အတွက် နယူးဒေလီသို့ ရောက်ရှိနေခြင်း ဖြစ်သည်။

ပထမဆုံး

ယခုကဲ့သို့ နီပေါနိုင်ငံခြားရေးဝန်ကြီး အိန္ဒိယသို့ လာရောက်လည်ပတ်ခြင်းသည် နီပေါဘုရင်က ဖေဖော်ဝါရီ ၂ရက်တွင် နီပေါဝန်ကြီးအဖွဲ့ကို အပြောင်းအလဲလုပ်ခဲ့ပြီးနောက်ပိုင်း ပထမဆုံး လာရောက်ခြင်းဖြစ်သည်။

လိုက်ပါ

ဝန်ကြီးပန်ဒီနှင့်အတူ နိုင်ငံခြားရေးအတွင်းဝန် မာဒူရာမန်အက်ခ်ခါရာအပြင် ဝန်ကြီးဌာန အဆင့်မြင့်အရာရှိများ လိုက်ပါလာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း ဝဠ နိုင်ငံတကာ သတင်းများ

ဆေးလိပ်သောက်သည့်နေရာများစွာ စင်ကာပူအစိုးရ ပိတ်ပင်မည်

စင်ကာပူ မတ် ၁၁

ဆေးလိပ်ငွေ့မှ တစ်ဆင့်ခံရှူရှိုက်မှု၏ အန္တရာယ်မှ ဆေးလိပ်မသောက်သူများကို ကာကွယ်ရန်အတွက် စင်ကာပူနိုင်ငံတွင် ယခုနှစ်အောက်တိုဘာလ ၁ရက်နေ့မှစတင်၍ လူအများနှင့် သက်ဆိုင်သည့် နေရာများတွင် ဆေးလိပ်သောက်ခြင်းကို ပိတ်ပင်တော့မည်ဖြစ်ကြောင်း အစိုးရ အဆင့်မြင့် အရာရှိတစ်ဦးက အင်္ဂါနေ့တွင် ပြောကြားသည်။

အပါအဝင်

အဆိုပါနေရာများမှာ ရေကူးရာနေရာများ၊ လဟာပြင် ဓာတ်ရုံများ၊ သီးသန့်ကလပ်များ၊ ဘတ်စ်ကားဂိတ်များ၊ ဘတ်စ်ကားလမ်းပြောင်းလမ်းလွှဲနေရာများနှင့် အများသုံး သန့်စင်ခန်းများ အပါအဝင်ဖြစ်သည်။

ထုတ်ပြန်မည်

ရေရှည်တွင်စင်ကာပူဝန်ကြီးဌာန၏ ဆုံးဖြတ်ချက် အပြည့်အစုံစာရင်းကို ထုတ်ပြန်မည်ဖြစ်ပြီး ကိုယ်ပိုင်ဥပစာများ၊ လဟာပြင်များနှင့် သတ်မှတ်ထားသော ဆေးလိပ်သောက်ရမည့် နေရာများတွင်သာ သောက်ခွင့်ပြုမည်ဖြစ်ကြောင်း ပတ်ဝန်းကျင်နှင့်ရေအရင်းအမြစ်ဝန်ကြီး ယာကော့အီဘရာဟင်က ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ

ကျူးဘားနိုင်ငံရေး အများလက်ခံယုံကြည်မှု အမေရိကန်က ပျက်ပြားအောင် လုပ်နေဟုဆို

ဟာဗားနား မတ် ၁၁

ကျူးဘားနိုင်ငံ၏ နိုင်ငံရေးအပေါ် အများယုံကြည်လက်ခံမှု ပျက်ပြားစေရန် ကျူးဘားနိုင်ငံ၌ကျင့်သုံးနေသည့် နိုင်ငံရေးစနစ်ကို ကမ္ဘာကမသိအောင် အမေရိကန်ပြည်ထောင်စုသည် ကြိုးပမ်းဟန့်တားနေသည်ဟု ကျူးဘားပါလီမန် အကြံပေးပုဂ္ဂိုလ် ရော်ဂျီလက်ဇ်ကာနိုက ဗုဒ္ဓဟူးနေ့၌ စွပ်စွဲလိုက်သည်။

ကျူးဘားတော်လှန်ရေး အထီးကျန်ပြီး ပျက်စီးစေရန် ကြိုးပမ်းရာတွင် လွန်ခဲ့သည့်မေလ၌ အမေရိကန်သမ္မတ ဂျော့ချ်ဒဗလျူဘုရှ်အတည်ပြုထောက်ခံခဲ့သည့် အစီအစဉ်တစ်ရပ်တွင် အမေရိကန်ပြည်ထောင်စုသည် ကျူးဘားနိုင်ငံ၏ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို တိုက်ခိုက်ခဲ့သည်ဟု ဟားဗားနားတွင် ပြုလုပ်သော လူထုအစည်းအဝေးတစ်ခု၌ မိန့်ခွန်းပြော ကြားစဉ် လက်ဇ်ကာနိုက ထိုသို့စွပ်စွဲ ပြောကြားခဲ့သည်။

အမေရိကန် ပြည်ထောင်စုက လက်ရှိ ကျူးဘားနိုင်ငံ၏ ရွေးကောက်ပွဲစနစ်ကို ပြောင်းပစ်မည့် အစီအစဉ်တစ်ခုမှာ လက်ရှိအမေရိကန်အစိုးရသည် ရွေးကောက်ပွဲကိစ္စကို ကျူးဘားနိုင်ငံအပေါ် အမြဲရန်လိုမှု အစိတ်အပိုင်းအဖြစ် ပြောင်းလဲပစ်ရန် ရည်ရွယ်ခဲ့သည်ဟု အကြံပေးပုဂ္ဂိုလ်က ပြောကြားသည်။ ဂျီနီဗာ၌ ကျင်းပသော လူ့အခွင့်အရေး ကော်မရှင်အစည်းအဝေးတွင် ကျူးဘားနိုင်ငံအား အမေရိကန်ပြည်ထောင်စု၏ လုပ်ကြံမှုများကို ကျူးဘားနိုင်ငံက ပြစ်တင်ရှုတ်ချသည့် စာတမ်းအား တနင်္လာနေ့၌ တင်သွင်းခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

အီရန်နိုင်ငံ တီဟီရန်မြို့ တောင်ဘက် ၃၉၈မိုင်အကွာ ပါရှန်ပင်လယ်ကွေ့ဆိပ်ကမ်းရှိ အထူးရေနံဓာတု စီးပွားရေးဇုန်မှ ရေနံထုတ်လုပ်ရေးစက်ရုံတစ်ရုံကို မတ် ၁၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တွင် လူမည်းများ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝမရရှိ

ဝါရှင်တန် မတ် ၁၂

အမေရိကန်ပြည်ထောင်စုတွင်နေထိုင်သော လူမည်းအမေရိကန်များအနေဖြင့် နှစ်စဉ်လူဦးရေ ၈၀၀၀၀ကျော် သေဆုံးနေကြရကြောင်း၊ အဘယ်ကြောင့်ဆိုသော် ယင်းလူမည်းအမေရိကန်များအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝမရရှိခြင်းကြောင့်ဖြစ်ကြောင်း အမေရိကန်နိုင်ငံမှ ဒေါက်တာဒေးဗစ်ဆတ်ချာက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

သို့သော်လည်း အစိုးရ၊ ပြည်သူလူထုနှင့် အခြားအဖွဲ့အစည်းများက လူမည်းအမေရိကန်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးသည်ဟု သိမြင်ထားကြသော်လည်း ယင်းမှာ အနည်းငယ်သော တိုးတက်မှုကိုသာ ဖြစ်စေသည်ဟု ဒေါက်တာဆတ်ချာနှင့် အခြားကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများက ပြောကြားသည်။

ဖော်ပြထား

ဒေါက်တာဆတ်ချာက စုံစမ်းစစ်ဆေးမှုများပြုရာတွင် လွန်ခဲ့သည့် ၁၉၆၀ပြည့်နှစ်မှ ၂၀၀၀ ပြည့်နှစ်အကြား သေဆုံးမှုစာရင်းကို လေ့လာကြည့်ရာတွင် လူမည်းအမေရိကန်နှင့် လူဖြူအမေရိကန်တို့အကြား သေဆုံးမှုနှုန်းထားကွာဟနေကြောင်း၊ လူမည်းများအနေဖြင့် နှစ်စဉ် ၄၀ဒသမ ၅ရာခိုင်နှုန်းကျော် ပိုမိုသေဆုံးကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။ ထို့အပြင် လူမည်းအမေရိကန်များ တစ်နှစ်လျှင် သေဆုံးသူ ၈၃၅၇၀ရှိကြောင်းလည်း ကျန်းမာရေးဆိုင်ရာ ဂျာနယ်တစ်ခုတွင် ဖော်ပြထားကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

သမိုင်းဝင်ဆံတော်ရှင် မြတ်မော်တင်စေတီတော် ရွှေထီးတော်သစ်တင်လှူ ပူဇော်ပွဲနှင့် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၃

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငပုတောမြို့နယ်ရှိ သမိုင်းဝင် မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး ရွှေထီးတော်သစ်တင်လှူပူဇော်ပွဲ၊ ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် အခမ်းအနားကို မတ်၁၀ရက် နံနက်၈နာရီတွင်ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဇနီး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ ဘုရားဖူးပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်ပရိသတ်များသည် စေတီတော်တောင်ခြေရှိ မုခ်ဦးရှေ့၌ နေရာယူကြပြီး မင်္ဂလာအချိန်တွင် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဗုဒ္ဓပူဇနီယပွဲတော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်ပရိသတ်များသည် စေတီတော်ကြီးအား လက်ယာရစ် တစ်ပတ်လှည့်လည်ကြည်ညိုကာ တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများက စေတီတော်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်၍ သစ်သီးဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အခမ်းအနားကို နဂါးရုံဘုရားတန်ဆောင်း၌ ဆက်လက်ကျင်းပရာ တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်ပရိသတ်များက ဩောင်ပင်သာကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုတထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဥပါသကာများက ဆရာတော်များထံ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ပန်းတို့ကို ဆက်ကပ်ကြသည်။ ဆက်လက်၍ ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြပြီးနောက် တိုင်းမှူးနှင့် ဇနီး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများက စေတီတော်မြတ်ကြီးအား တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများအား ဆရာတော်ကြီးများထံ အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာရဋ္ဌဂုရု ဘဒ္ဒန္တဩသဓာဘိဝံသကအနုမောဒနာတရား ချီးမြှင့်တော်မူပြီး တိုင်းမှူး၊ ဝန်ကြီး နှင့် အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုကြသည်။

လှည့်လည်ပူဇော်

ထို့နောက် ထီးတော်တင်လှူပူဇော်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းမှူးနှင့် ဝန်ကြီး၊ တာဝန်ရှိသူများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်ဘုံအဆင့်ဆင့်တို့ကို အစီအစဉ်အတိုင်း ပင့်ဆောင်ကြကာ စေတီတော်မြတ်ကြီးအား လက်ယာရစ်သုံးကြိမ်လှည့်လည်ပူဇော်ပြီး ယာယီကိန်းဝပ်မည့် မဏ္ဍပ်သို့ ခေတ္တအပူဇော်ခံ၍ အမွှေးနံ့သာများပက်ဖျန်းပူဇော်ကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရွှေထီးတော်ဘုံအဆင့်ဆင့်ကို တပ်မတော်(လေ) မြလေယာဉ်ကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့ပန်းရထားဖြင့် ပို့ဆောင်၍ စေတီတော်အထွတ်သို့ တင်လှူရာ မင်္ဂလာဘိသေကပညာရှင် ဦးထိန်လင်းက မင်္ဂလာဩဘာစာတန်း ဖတ်ကြားပူဇော်ပြီး ဘုရားဒါယကာ ဒါယိကာမများက အရံစေတီ၆ဆူအား ထီးတော်တင်လှူပူဇော်ကြသည်။

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငပုတောမြို့နယ်ရှိ သမိုင်းဝင် မဟာမကုဋရုံသီဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီး ရွှေထီးတော်သစ်တင်လှူပွဲ၊ ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်အခမ်းအနား၌ ဗုဒ္ဓပူဇနီယပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (ဧရာဝတီတိုင်း)

တင်လှူပူဇော်

ဆက်လက်၍ တိုင်းမှူးနှင့် ဇနီး၊ အလှူရှင်များ၊ ပရိသတ်များက ယာယီစံကျောင်းတော်မှနေ၍ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို ပန်းရထားတင်လှူပူဇော်ကြပြီး တိုင်းမှူး၊ဝန်ကြီးနှင့် တာဝန်ရှိသူများက စေတီတော်အထွတ်သို့တက်ရောက်၍ ထီးတော်ဘုံအဆင့်ဆင့်နှင့် ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို အစီအစဉ်အတိုင်း တပ်ဆင်ပူဇော်ပေးကြပြီး အမွှေးနံ့သာများ ပက်ဖျန်းပူဇော်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက စေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်တော်မူကြပြီးနောက် တိုင်းမှူးက ရတနာရွှေမိုး၊ ငွေမိုးရွာသွန်းဖြိုးပေး၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး အာရုံခံတန်ဆောင်းအတွင်း ကြွရောက်လာကြသော ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

စီစဉ်ထား

အဆိုပါ သမိုင်းဝင် မဟာမကုဋရုံသီမြတ်မော်တင်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်ကို မတ်၁၀ရက်မှ ၂၄ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး နိုင်ငံအနှံ့မှ ဘုရားဖူးပြည်သူများအနေဖြင့် ကား၊ သင်္ဘောများဖြင့် သွားလာမှု လွယ်ကူစွာဖြင့် ဖူးမြော်ကြည်ညိုနိုင်ရန် စီစဉ်ထားကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ရူပဗေဒ ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် မတ် ၁၃

ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ရူပဗေဒ (၁၉၇၂-၇၇) ကျောင်းသားကျောင်းသူဟောင်းများ၏ ပဌမအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၂၄ ရက် (ကြာသပတေးနေ့)နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသားဟောင်းများအားလုံး တက်ရောက် ကုသိုလ်ယူကြရန်နှင့် ညပိုင်းတွင် မိတ်ဆုံညစာစားပွဲလက်မှတ်များဝယ်ယူအားပေးနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ ကျောင်းသားကျောင်းသူဟောင်းများသည် ဦးမျိုးဆွေ ဖုန်း-၅၃၇၂၆၆၊ ၀၉-၅၀-၁၉၃၂၃၊ ဦးဝင်း မြင့် ဖုန်း-၅၂၆၇၁၇၊ ဦးမြင့်ဝင်း ဖုန်း-၂၅၆၅၀၄၊ ၅၁၁၄၇၇၊ ၂၂၀၇၆၄၊ ဦးချစ်စိန် ဖုန်း-၂၈၀၉၀၂နှင့် ဒေါ်ခင်တင့် ဖုန်း-၅၃၅၄၈၂ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များအား လှည့်လည်စစ်ဆေး

ရန်ကုန် မတ် ၁၃

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ကော်မတီဝင် စစ်ဆေးကြပ်မတ်ရေးအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ အဖွဲ့ဝင်များဖြစ်ကြသည့် တပ်ထိန်းချုပ်ဗိုလ်ချုပ်စောလှ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ယနေ့နံနက်ပိုင်းတွင်လည်းကောင်း၊ ကော်မတီဝင် စစ်ဆေးကြပ်မတ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ဒုတိယအဖွဲ့ခေါင်းဆောင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေတို့သည် အဖွဲ့ဝင်များဖြစ်ကြသည့် တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ညနေပိုင်းတွင်လည်းကောင်း မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးရေးအဖွဲ့များက ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များသွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို လှည့်လည်စစ်ဆေးကြပ်မတ်ကြသည်။ **(အပေါ်ပုံ)**

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇နာရီမှ ညနေ၅နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသောနေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ် သုံးစွဲခွင့်လက်မှတ်(Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဗီးတက်)တို့ပါရှိခြင်း ရှိမရှိနှင့် ဌာနဆိုင်ရာ ဝတ်စုံများ ဝတ်ဆင်ခြင်း ရှိမရှိတို့ကို စစ်ဆေးကြပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကိုလည်း စစ်ဆေးကြသည်။

(သတင်းစဉ်)

တိမ်ထုထပ်မည်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်မှ တိမ်ထုထပ်မည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် (ခ)ရပ်ကွက် မြို့မကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို မတ် ၅ရက်က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်လှိုင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင်ပြန်/ဆက်)

မိုးကုတ်ကျောင်းသူကျောင်းသားဟောင်းများ
အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၃

မိုးကုတ်ကျောင်းသား ကျောင်းသူဟောင်းများ(ရန်ကုန်၊ မန္တလေး၊ မိုးကုတ်)က မိုးကုတ်မြို့နယ်အတွင်းရှိ အထက၊ အလက၊ အမကကျောင်းများမှ အငြိမ်းစားအနားယူခဲ့သော အသက်(၆၀)ပြည့် ဆရာ ဆရာမများအား အာစရိယပူဇော်ပွဲအခမ်းအနားကို မတ် ၃၁ ရက်(ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် မိုးကုတ်မြို့ မဏိရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့တွင် ဦးအုန်းကို ဖုန်း-၀၉-၅၀၀-၃၉၉၀၊ဦးသန်းဝင်း ဖုန်း-၀၉-၉၀-၃၁၃၈၁၊ ၇၀၈၁၆၃၊ ဦးတင်ဦး ဖုန်း-၀၉-၈၀၂၁၀၂၆၊ မန္တလေးမြို့တွင် ဦးတင့်လွင် ဖုန်း-၀၂-၃၄၂၄၀၊ ဒေါ်ခင်ပြုံးကြည် ဖုန်း-၀၂-၃၃၈၄၂၊ မိုးကုတ်မြို့တွင် ဒေါက်တာမျိုးအောင် ဖုန်း-၀၉-၆၉-၇၀၈၄၀ နှင့် ဒေါ်မြင့်မြင့်သိန်း ဖုန်း-၀၉-၆၉-၇၀၂၉၅၊ ၀၉-၉၀-၃၁၄၉၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကော့သောင်းခရိုင်ရှိ ဆီအုန်းစိုက်ခင်းများနှင့် ဒေသဖွံ့ဖြိုးရေးစစ်ဆေး
လိုအပ်ချက်များ တာဝန်ရှိသူအဆင့်ဆင့်သို့ မြန်ဆန်စွာတင်ပြဆောင်ရွက်ရေး မှာကြား

ရန်ကုန် မတ် ၁၃

တနင်္သာရီတိုင်း ကော့သောင်းမြို့တွင်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများလိုက်ပါလျက် မတ် ၇ ရက် နံနက်ပိုင်းတွင် ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ်အတွင်းရှိ ဆီအုန်းစိုက်ခင်းများ၊ ဒေသတွင်းစိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသ ဖွံ့ဖြိုးတိုးတက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကော့သောင်းမြို့မှ ကော့သောင်း-ဘုတ်ပြင်းပြည်ထောင်စုလမ်းမကြီးအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး မာရမ်းကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်ထားသော ၁၇မိုင်ရှည်လျားသည့် မြေသားလမ်းအတိုင်း စစ်ဆေးကြည့်ရှုပြီး ပါချန်ကြိုးဝိုင်းသစ်တောအတွင်းရှိ ရှုရပ်ကုန်းသို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည်ပါချန်ကြိုးဝိုင်းသစ်တောရှုရပ်ကုန်းပေါ်မှ ပါချန်မြစ်နှင့်ပတ်ဝန်းကျင်ဒေသ ပါချန်ကြိုးဝိုင်း သစ်တောအတွင်းရှိ သစ်ပင်သစ်တောများ၏ စိမ်းလန်းစိုပြည်မှု အခြေအနေများကို ကြည့်ရှုလေ့လာသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ခမောက်ကြီးမြို့နယ် အောင်ချမ်းသာကျေးရွာသို့ရောက်ရှိကြပြီး နယ်မြေခံတပ်နယ်မှ စိုက်ပျိုးသော စပါးစိုက်ခင်းတွင် စပါးများနယ်လှေ့နေမှုကို ကြည့်ရှုအားပေးရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုအား နယ်မြေခံတပ်နယ်မှ စိုက်ပျိုးရေးလုပ်ငန်းတာဝန်ခံ ဗိုလ်ကြီးတင်မောင်အေးက အောင်ချမ်းသာကျေးရွာ၌ စပါးစိုက်ဧက ၁၀၀ဒသမ၃၆ဧကကို မိုးစပါးအဖြစ် စိုက်ပျိုးခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ပတ်ဝန်းကျင်မှ တောင်သူလယ်သမားများအား မိမိတို့ တပ်မတော်က စံနမူနာအဖြစ် စပါးစိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှုကို သိရှိလုပ်ကိုင်ဆောင်ရွက်လာစေရေး၊ ဆက်လက်၍ တိုးချဲ့စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားပြီး စိုက်ကွင်းရှိ တပ်မတော်သားများအား ဆုလက်ဆောင်များပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ခမောက်ကြီးမြို့နယ် ပါချန်မြစ်ကမ်းပေါ်၌တည်ရှိသော မြန်မာနိုင်ငံ နယ်စပ်အစွန်အဖျား ကျေးရွာဖြစ်သည့် ဆိပ်ဖူးကျေးရွာသို့ရောက်ရှိကြပြီး ဆိပ်ဖူးကျေးရွာ၏ ဒေသဆိုင်ရာ အခြေအနေ၊ ပါချန်မြစ်ဆိပ်ကမ်း အခြေအနေ၊ ရွာ၏စာသင်ကျောင်း၊ ဆေးပေးခန်းစသည်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဆိပ်ဖူးကျေးရွာ၏ ဒေသခံတိုင်းရင်းသား ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်ပြီး ကျေးရွာ၏ လူမှုရေး၊ စီးပွားရေးအခြေအနေများကို မေးမြန်းကာ မိမိနိုင်ငံ မိမိလူမျိုး၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေကြရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုထိန်းသိမ်း စောင့်ရှောက်ကြရေး၊ မိမိနိုင်ငံ၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာကဏ္ဍက ပါဝင်ဆောင်ရွက်ကြရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေဒေသ အေးချမ်းသာယာရေးအတွက် တာဝန်ရှိသူများနှင့် ဝိုင်းဝန်းညီညွှတ်နှိုင်းပူးပေါင်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဆိပ်ဖူးကျေးရွာမှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ ပါချန်မြစ်နံဘေးရှိ နယ်စပ်ကျေးရွာတစ်ခုဖြစ်သည့် မာရမ်းကျေးရွာသို့ ရောက်ရှိကြသည်။

ပံ့ပိုးဖြည့်ဆည်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မာရမ်းကျေးရွာ တွဲဖက်အခြေခံပညာ အလယ်တန်းကျောင်း ရှေ့ရှိ ယာယီရှင်းလင်းဆောင်၌ မာရမ်းကျေးရွာနှင့် ပတ်ဝန်းကျင်ဒေသတို့မှ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ကျေးရွာ ပြည်သူများနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားပြီး လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ယင်းနောက် ကျေးရွာများမှ ရပ်မိရပ်ဖများက ကျေးရွာအလိုက် လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ပေါင်းစပ်ညှိနှိုင်းစီမံဖြည့်ဆည်းပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက မာရမ်းကျေးရွာ တွဲဖက်အခြေခံပညာ အလယ်တန်းကျောင်း သင်ကြားမှုသင်ယူမှုအထောက်အကူပြု ပစ္စည်းများအတွက် ထောက်ပံ့လှူဒါန်းငွေကျပ်ငါးသိန်းကိုကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေဦးထံ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မာရမ်းကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး မာရမ်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် မာရမ်းကျေးရွာမှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး ယုဇနကုမ္ပဏီ၏ ဆီအုန်းစိုက်ရန် မြေရှင်းနေမှုနှင့်ယုဇနကုမ္ပဏီက ဖောက်လုပ်နေသော ကုန်ထုတ်လမ်းတစ်လျှောက် လမ်းအခြေအနေနှင့် ပတ်ဝန်းကျင်အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆီကြိတ်စက်ရုံစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ယုဇနကုမ္ပဏီ၏ ယုဇနဆီအုန်းခြံနှင့်ဆီကြိတ်စက်ရုံသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ စီမံကိန်းမန်နေဂျာ ဦးအုန်းဘန်က ယုဇနကုမ္ပဏီ အနေဖြင့် တနင်္သာရီတိုင်းကြီးကို နိုင်ငံတော်၏ ဆီအိုးဖြစ်စေရမည်ဟူသော ရည်မှန်းချက် ပြည့်ဝစေရန် တနင်္သာရီတိုင်း ခမောက်ကြီးမြို့နယ်၌ ဆီအုန်း စိုက်ဧက၃၀၀၀၀ကျော်ရယူ၍ ဧက၂၆၀၀၀ ကျော်စိုက်ပျိုးပြီးစီးမှု၊ ဆီကြိတ်စက်ရုံကို တည်ဆောက်လျက်ရှိရာ ၈၅ရာခိုင်နှုန်းပြီးစီးမှု၊ ဆီကြိတ်စက်ရုံလည်ပတ်သည့်အခါ တစ်နေ့လျှင် ဆီအုန်းတန် ၆၀ အထိ ကြိတ်ဝါးနိုင်၍ ယခုလက်ရှိတွင် ဆီအုန်းတန် ၃၀ ကြိတ်ဝါးနိုင်အောင် စီစဉ်ထားရှိမှု၊ ဆီအုန်းစိုက်ပျိုးခြင်း၊ ဆီကြိတ်စက်ရုံတည်ဆောက်ခြင်းနှင့် အုပ်ချုပ်မှု ကိစ္စရပ်များအတွက် ဝန်ထမ်းနှင့် လုပ်သားအင်အား၆၀၀၀ ကျော်ဖြင့် ဆောင်ရွက်နေမှု၊ ဆီကြိတ်စက်ရုံကို ၂၀၀၅ခုနှစ်ဧပြီလလယ်ပိုင်းတွင် စတင်လည်ပတ်နိုင်ရန် ဆောင်ရွက်နေမှု၊ ဝန်ထမ်းများ နေထိုင်စားသောက်ရေးနှင့် သက်သာချောင်ချိရေး ဆောင်ရွက်ပေးထားမှု အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ယုဇနကုမ္ပဏီ၏ ဆီအုန်းဆီကြိတ်စက်ရုံ တည်ဆောက်နေမှုအခြေအနေများကို လိုက်လံ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ခမောက်ကြီးမြို့နယ်ရှိ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိပြီး တပ်ရင်းခန်းမ၌ နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက မိမိနိုင်ငံ မိမိပြည်ထောင်စုကို အမြဲထာဝရစောင့်ရှောက်ထိန်းသိမ်းရေး၊ စည်းကမ်းစနစ်တကျရှိရေး၊ မြို့နယ်၏စာရင်းဇယားအချက်အလက်များကို ပြည့်စုံမှန်ကန်အောင် ပြုစုထားရှိရေး၊ မိမိတို့၏တာဝန်ကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် တိကျမှန်ကန်စွာ ထမ်းဆောင်ကြရေး၊ ကျေးရွာများအထိ ကွင်းဆင်း၍ လိုအပ်သည်များကို ဆောင်ရွက်ရေး၊ လိုအပ်ချက်များကို တာဝန်ရှိသူအဆင့်ဆင့်သို့ မြန်ဆန်စွာ တင်ပြဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တက်ရောက် လာကြသူများ၊ တပ်မတော်သားများနှင့် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ကော့သောင်းမြို့သို့ ရောက်ရှိသည်။

(သတင်းစဉ်)

စပါးနယ်လှေ့မှု

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တနင်္သာရီတိုင်း ခမောက်ကြီးမြို့နယ် အောင်ချမ်းသာကျေးရွာ နယ်မြေခံတပ်နယ်က စိုက်ပျိုးထားသော စပါးများနယ်လှေ့နေမှုကိုကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

14-3 (06).p65 1 3/30/05, 9:54 AM

တပ်မတော်နေ့ စစ်ရေးပြကြမည့် စစ်ကြောင်းများ တည်းခိုရာစခန်း၌ အဆို၊ အက၊ ရုပ်ရှင်ဖြင့် ဖျော်ဖြေတင်ဆက်

ရန်ကုန် မတ် ၁၃

နှစ်(၆၀)ပြည့် တပ်မတော်နေ့တွင်ပါဝင်သော စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ တည်းခိုရာစခန်း အသီးသီး၌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၊ အမှတ်(၁) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ၊ အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲနှင့် နယ်မြေခံတပ်ရင်းများက အဆို၊ အက၊ အငြိမ့်၊ ဟာသတို့ဖြင့်လည်းကောင်း ရုပ်ရှင်များဖြင့်လည်းကောင်း ယမန်နေ့ည၇နာရီတွင် ဖျော်ဖြေတင်ဆက်ကြသည်။

ဖျော်ဖြေတင်ဆက်

ထိုသို့ဖျော်ဖြေရာတွင် တပ်မတော်အရိုးကုဆေးရုံခုတင် (၅၀၀)ရှိ ဇန္တုလ စစ်ကြောင်း၌ တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် မြဝတီစင်တင်တေးဂီတအဖွဲ့နှင့်အတူ စတူဒီယိုတေးသံရှင်များကလည်းကောင်း၊ အောင်မင်္ဂလာအဝေးပြေးရှေ့ နယ်မြေခံတပ်ရင်းရှိ ကျန်စစ်သားစစ်ကြောင်း၌ အမှတ်(၁) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲက အဆို၊ အက၊ အငြိမ့်၊ ဟာသများဖြင့်လည်းကောင်း၊ ဧရာဝတီရေတပ်စခန်းဌာနချုပ်ရှိ နဝဒေးစစ်ကြောင်း၌ အမှတ်(၂)နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲက အဆို၊ အက၊ အငြိမ့်၊ ဟာသများဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ မြဝတီစစ်ကြောင်း၌ "ဆန်ရေ" မြန်မာရုပ်ရှင်ဇာတ်ကားဖြင့်လည်းကောင်း၊အမှတ်(၁)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း (ဘုရင့်နောင်)ရှိ အနော်ရထာစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်းနှင့် အောင်ဇေယျစစ်ကြောင်းတို့၌ "သမီးမိုက်"မြန်မာရုပ်ရှင် ဇာတ်ကားဖြင့်လည်းကောင်း အသီးသီး ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ ဖျော်ဖြေတင်ဆက်မှုများကို စစ်ကြောင်းကြီးများမှ စစ်ကြောင်းမှူးများ၊ တပ်ရင်းမှူးများနှင့် အရာရှိ၊ စစ်သည်များက ပျော်ရွှင်စွာကြည့်ရှုအားပေးကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့်တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက် (၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

တည်ဆောက်နေမှု လုပ်ငန်းများကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး မင်္ဂလာဒုံ ဥယျာဉ်မြို့တော်ရှိ သဘာဝဓာတ်ငွေ့ အရောင်းဆိုင် အမှတ် (၀၁၂) တည်ဆောက်နေမှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။

(စွမ်းအင်)

သဘာဝဓာတ်ငွေ့အရောင်းဆိုင်များတိုးချဲ့ဆောက်လုပ်နေမှု ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းဌေး ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၃

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့တော် နယ်နိမိတ်အတွင်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်များ တိုးချဲ့ဆောက်လုပ်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးသည် မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ သဘာဝဓာတ်ငွေ့အရောင်းဆိုင် အမှတ်(၀၁၂) တည်ဆောက်နေမှုလုပ်ငန်းများသို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ အမြန်ပြီးစီးရေး၊ ဧပြီလဆန်းပိုင်းတွင် ဆိုင်ဖွင့်လှစ်ရောင်းချနိုင်ရေး မှာကြားသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရန်ကုန် ပြည်လမ်းမပေါ်ရှိ ပျဉ်းမပင် ဆိုင်အမှတ်(၀၁၃)သို့လည်းကောင်း၊ လှိုင်သာယာမြို့နယ်ရှိ ဆိုင်အမှတ် (၀၁၁)သို့ လည်းကောင်း၊ အလုံမြို့နယ် ကြည့်မြင်တိုင်ကမ်းနားလမ်းပေါ်ရှိ ဆိုင်အမှတ်(၀၁၈)သို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကြိုးပမ်းဆောင်ရွက်

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ရန်ကုန်မြို့တော် နယ်နိမိတ်အတွင်းရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်ငါးဆိုင် ဖွင့်လှစ်ခဲ့ပြီးဖြစ်ကာ လက်ရှိသဘာဝဓာတ်ငွေ့သုံး ယာဉ်အားလုံးကို သဘာဝဓာတ်ငွေ့များ လုံလောက်စွာ ဖြည့်ဆည်းရောင်းချပေးလျက် ရှိသည်။ ထပ်မံတိုးတက်လာမည့် သဘာဝဓာတ်ငွေ့သုံးယာဉ်များအတွက်လည်း ယာဉ်လမ်းကြောင်းများနှင့် ယာဉ်သိပ်သည်းမှုပေါ်မူတည်၍ နေရာရွေးချယ်ကာ အဆင့်လိုက်တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ရာ ဆိုင်အမှတ်(၀၁၂)၊ (၀၁၃)နှင့် (၀၁၁)တို့ကို ဧပြီလဆန်းပိုင်းမှစ၍ ဆက်တိုက် ဖွင့်လှစ်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ကြိုးပမ်းဆောင်ရွက်

မော်တော်ယာဉ်များကို စီမံချက်ဖြင့် သဘာဝဓာတ်ငွေ့သုံးယာဉ်အဖြစ် တိုးချဲ့ပြောင်းလဲလျက်ရှိရာ ယင်းသို့တိုးတက်လာမည့် မော်တော်ယာဉ်များအတွက် ဆိုင်သစ်များကို အချိုးညီ ဖွင့်လှစ်ရောင်းချနိုင်ရန် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများက နေ့ရောညပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့်တပ်မတော်နေ့အထိမ်းအမှတ် ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲဆက်လက်ကျင်းပ

ရန်ကုန် မတ် ၁၃

နိုင်ငံတော်ဦးတည်ချက် (၁၂)ရပ်ပြခန်း ခင်းကျင်းပြသရေးလုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့်တပ်မတော်နေ့ အထိမ်းအမှတ် ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၌ စတုတ္ထနေ့အဖြစ် ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲဝင် မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား နိုင်ငံတော် ဦးတည်ချက် (၁၂)ရပ်ပြခန်း ခင်းကျင်းပြသရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီး အောင်ကြီးက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို လည်းကောင်း၊ ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်မှ ကထိကဦးတင်ဝင်းက ပြိုင်ပွဲစည်းကမ်းချက်များနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲသို့ သင်္ဃန်းကျွန်းမြို့နယ်၊ စမ်းချောင်းမြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်တို့မှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ၂၅ဦးစီ စုစုပေါင်းအသင်းဝင် ၇၅ဦးတို့ ပြိုင်ပွဲဝင်ကြသည်။

အဆိုပါ ပြိုင်ပွဲကို မတ်၁၉ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

၂၀၀၄-၂၀၀၅ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို လှိုင်မြို့နယ်(၁၆)ရပ်ကွက်အမက(၁၇)တွင် ကျင်းပရာ ဆုရကျောင်းသူ၊ ကျောင်းသားများအား ကျောင်းအကျိုးတော်ဆောင် ဒေါ်သန်းနုက ဆုများချီးမြှင့်စဉ်။

(က-ပ)

မုံရွာမြတမာဆရာတော် ဓမ္မသဘင်ခရီးစဉ်

ရန်ကုန် မတ် ၁၃

ရန်ကုန်တိုင်း သာကေတမြို့နယ် ၇/အနောက်ရပ်ကွက် မုံရွာမြတမာ ကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဥတ္တမစာရသည် မတ်၁၉ရက်နှင့်၂၀ရက်တို့တွင် မိုးကြိုးပစ်ကျေးရွာ ကျုံပျော်မြို့နယ်၊၂၃ရက်၊ ၂၄ရက်နှင့် ၂၅ရက်တို့တွင် ကဒုံကနိမြို့ ဘိုကလေးမြို့နယ်၊ ၂၈ရက်တွင် ဝဲပုံကျောင်း သုံးခွမြို့နယ်၊ ၂၉ရက်၊ ၃၀ ရက်နှင့် ၃၁ရက်တို့တွင် လက်ပံတန်းမြို့ ရှင်ပြုဓမ္မသဘင်၊ ဧပြီ ၁ရက်တွင် ဇမ္ဗူသီရိ ၄လမ်း ၆/အနောက်ရပ်ကွက် သာကေတ၊ ၂ရက်တွင် မြင်သော်တာလမ်းမကြီး ၆/အနောက် ရပ်ကွက် သာကေတ၊ ၅ရက်နှင့် ၇ရက်တို့တွင် ထူပါရုံ၉လမ်း(၁)ရပ်ကွက် သာကေတ၊ ၈ရက်တွင်ပတ္တမြား၄လမ်း(၇)ရပ်ကွက် သာကေတတို့တွင် တရားတော်များ ဟောကြားမည်ဟုသိရသည်။ **(က-ပ)**

သံတောင်-တောင်စခန်းမြို့ကို အောက်မြန်မာပြည်၏ တောင်ပေါ်အပန်းဖြေစခန်းအဖြစ်တည်ဆောက် ဆွဲဆောင်မှုရှိသည့် အပန်းဖြေစခန်းတစ်ခုဖြစ်ရေး အဆင့်ဆင့်တည်ဆောက်ရန်မှာကြား



ရှင်းလင်းတင်ပြ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ကရင်ပြည်နယ် သံတောင်မြို့နယ် သံတောင်-တောင်စခန်းမြို့ ဘုရင့်နောင်ရိပ်သာ၌ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက သံတောင်-တောင်စခန်းမြို့ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်လက်ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

ရှင်းလင်းတင်ပြ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းနှင့်စပ်လျဉ်းသည့် အချက်အလက်များ၊ ဆည်မြောင်းဦးစီးဌာန၏ စီမံကိန်းလုပ်ငန်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်က ခပေါင်းရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုနှင့် လုပ်ငန်းကဏ္ဍအလိုက် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ရေယူဥမင်လိုဏ်ဖောက်လုပ်ပြီးစီးမှုနှင့် စက်ပစ္စည်းများဝယ်ယူမှုအခြေအနေကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က ပင်မတမံတည်ဆောက်ခြင်းလုပ်ငန်းနှင့် လုပ်ငန်းပြီးစီးမှုအလိုက် တမံအတွင်း ရေသိုလှောင်သွားနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက စီမံကိန်းလုပ်ငန်းများအတွက် စက်သုံးဆီပေးဝေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

စနစ်တကျလုပ်ကိုင်ရေးမှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက စီမံကိန်းလုပ်ငန်းကို ဖြစ်နိုင်သမျှ အချိန်စောပြီးစီးရေး၊ စနစ်တကျ သေချာစွာလုပ်ကိုင်ရေးတို့နှင့်စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ရှုရပ်မှ ခပေါင်းရေလှောင်တမံဘက်စုံစီမံကိန်း၏ ပင်မတမံတည်နေရာနှင့် စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများ၊ လုပ်ငန်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

အကောင်အထည်ဖော်

ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)နှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၃)တည်ဆောက်ရေးတို့က တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။

မဂ္ဂါဝပ်၃၀ထုတ်ယူရရှိမည်

စီမံကိန်းကို အုတ်တွင်းမြို့နယ် ခပေါင်းချောင်း၌ တည်ဆောက်အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ စီမံကိန်းအရ တမံအလျားပေ၉၂၀၊ တမံအမြင့်ပေ၂၀၀ရှိ မြေသားတမံ တည်ဆောက်သွားမည် ဖြစ်သည်။ စီမံကိန်းအကောင်အထည်ဖော်မှုကြောင့် လယ်မြေဧရိယာ ဧကတစ်သိန်းကို ရေပေးသွင်းစိုက်ပျိုးနိုင်မည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၃၀ ထုတ်ယူရရှိမည်ဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ခပေါင်းရေလှောင်တမံဘက်စုံစီမံကိန်းကို ကြည့်ရှုစစ်ဆေးကြပြီး ညနေပိုင်းတွင် ရဟတ်ယာဉ်များဖြင့် တောင်ငူမြို့သို့ ရောက်ရှိကြရာ တပ်မမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦး၊ ပျဉ်းမနားတပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းမြင့်၊ တောင်ငူတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်အောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မတ်၁၂ရက် နံနက်ပိုင်းတွင် တောင်ငူမြို့ ကန်တော်ကြီးသာယာလှပရေး ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ တောင်ငူမြို့ ဖွံ့ဖြိုးမှုအခြေအနေကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် တောင်ငူမြို့မှ ကရင်ပြည်နယ် သံတောင်မြို့နယ် သံတောင်-တောင်စခန်းမြို့သို့ ရောက်ရှိကြရာ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်နှင့် တာဝန်ရှိသူများကကြိုဆိုကြသည်။

တောင်စခန်းမြို့ကြည့်ရှု

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ရပ်နားသည့် တောင်ကုန်းမှ သံတောင်-တောင်စခန်းမြို့၏ သာယာလှပမှုများကို ကြည့်ရှုကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် သံတောင်-တောင်စခန်းမြို့ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဘုရင့်နောင်တပ်မြို့သို့ ရောက်ရှိကြရာ ဘုရင့်နောင်ရိပ်သာ၌ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက သံတောင်-တောင်စခန်းမြို့ ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာလှပရေးဆောင်ရွက်ထားမှုများ၊ ၁၈ မိုင်ရှည် သံတောင်ကြီး-လိပ်သိုလမ်း တိုးချဲ့ဖောက်လုပ်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက သံတောင်ကြီး-လိပ်သို ကားလမ်းဘေးဝဲ/ယာတစ်လျှောက်၌ စင်ကိုနာပင်များ စိုက်ပျိုးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဘုရင့်နောင်တပ်မြို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဘုရင့်နောင်) ဒုတိယကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးခင်မောင်လှက ဘုရင့်နောင်တပ်မြို့၌ ဖွင့်လှစ်လျက်ရှိသည့် သင်တန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အုတ်တွင်းမြို့နယ်ရှိ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အောက်မြန်မာပြည်၏ တောင်ပေါ်အပန်းဖြေစခန်း

- သံတောင်–တောင်စခန်းမြို့သည် ကရင်ပြည်နယ် သံတောင်မြို့နယ်၌ တည်ရှိ၊
- တောင်ငူမြို့မှ ၂၈ မိုင်သာကွာဝေးသည့် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၀၅၀ တွင် တည်ရှိသော တောင်စခန်းမြို့ဖြစ်ပြီး အပန်းဖြေခရီးသွားလိုသူများ ကားလမ်းဖြင့်အလွယ်တကူရောက်ရှိ အပန်းဖြေနိုင်သည့် တောင်ပေါ်အပန်းဖြေ စခန်းမြို့လေးဖြစ်၊
- ပြင်ဦးလွင်မြို့၊ ကလောမြို့တို့ကဲ့သို့ သံတောင်–တောင်စခန်းမြို့ကို အောက်မြန်မာပြည်၏ တောင်ပေါ်အပန်းဖြေစခန်းဖြစ်အောင်၊ ဆွဲဆောင်မှုရှိသည့် အပန်းဖြေစခန်းတစ်ခုဖြစ်အောင် အဆင့်ဆင့် တည်ဆောက်။

လမ်းညွှန်မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကရင်ပြည်နယ် သံတောင်–တောင်စခန်းမြို့ ဘုရင့်နောင်ခန်းမ၌ ဘုရင့်နောင်တပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုများ၊ သင်တန်းသားများအား တွေ့ဆုံလမ်းညွှန်မှာကြားစဉ်။
(သတင်းစဉ်)

တောင်စခန်းမြို့ပြီးစီးမှုတင်ပြ

ယင်းနောက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်က သံတောင်မြို့ကိုအဆင့်မြှင့်ခြင်းနှင့် တောင်စခန်းမြို့အဖြစ်တည်ဆောက်မှုအခြေအနေများ၊ သံတောင်–တောင်စခန်းမြို့သို့လာရောက်သည့်ကားလမ်း တိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ထားမှု၊ တောင်စခန်းမြို့ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပြီးစီးမှု၊ ဟိုတယ်ဇုန်များသတ်မှတ်ချမှတ်ပေးခဲ့ရာ လုပ်ငန်းရှင်များက အပန်းဖြေအနားယူနိုင်သည့်အဆောက်အအုံများ လာရောက်ဆောက်လုပ်ထားမှုနှင့်အပန်းဖြေလာရောက်မှုများ၊(၁၆)ခုတင်ဆံ့ဆေးရုံအဆင့်ရရှိထားမှုများ၊ ကော်ဖီ၊ လက်ဖက်၊ ဖာလာ၊ ငရုတ်ကောင်း၊စင်ကိုနာ၊တညင်း၊ ဒူးရင်းပင်များ စိုက်ပျိုးထားမှုများစသည့် သံတောင်–တောင်စခန်းမြို့ တည်ဆောက်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးက သံတောင်–တောင်စခန်းမြို့သို့ ၂၀၀၁ခုနှစ်တွင် ဗိုလ်ချုပ်မှူးကြီးရောက်ရှိစဉ် တောင်စခန်းမြို့ဖွံ့ဖြိုးတိုးတက်သာယာလှပရေး ဆောင်ရွက်ရန်လမ်းညွှန်ခဲ့မှုများအပေါ် စည်ပင်သာယာရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ဆွဲဆောင်မှုရှိရေးမှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြင်ဦးလွင်မြို့၊ ကလောမြို့တို့ကဲ့သို့ သံတောင်–တောင်စခန်းမြို့ကို အောက်မြန်မာပြည်၏ တောင်ပေါ်အပန်းဖြေစခန်းဖြစ်အောင် တည်ဆောက်သွားရန်၊ ဆွဲဆောင်မှုရှိသည့် အပန်းဖြေစခန်းတစ်ခု ဖြစ်အောင် အဆင့်ဆင့်တည်ဆောက်သွားရန် မှာကြားသည်။

သံတောင်–တောင်စခန်းမြို့သည် ကရင်ပြည်နယ် သံတောင်မြို့နယ်၌ တည်ရှိသည်။ တောင်ငူမြို့မှ ၂၈ မိုင်သာ ကွာဝေးသည့် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၀၅၀ တွင် တည်ရှိသော တောင်စခန်းမြို့ဖြစ်ပြီး အပန်းဖြေခရီးသွားလိုသူများအနေဖြင့် ကားလမ်းဖြင့် အလွယ်တကူရောက်ရှိ အပန်းဖြေနိုင်သည့် တောင်ပေါ်အပန်းဖြေစခန်းမြို့လေး ဖြစ်သည်။

သံတောင်–တောင်စခန်းမြို့၌ ဟိုတယ်ဇုန် သုံးဇုန်ကိုလည်း သတ်မှတ်ထားရာ ယခုအခါ တည်းခိုဆောင်များ ဆောက်လုပ်လျက်ရှိကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီခွဲတွင် ဘုရင့်နောင်ခန်းမ၌ ဘုရင့်နောင်တပ်နယ်မှ တပ်မတော်သားများနှင့်မိသားစုများ၊ သင်တန်းသားများနှင့် တွေ့ဆုံသည်။

အမှာစကားပြောကြား

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ပဏာမအမှာစကားပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို အကျယ်တဝင့် လမ်းညွှန်မှာကြားပြီး တပ်မတော်သားများနှင့် မိသားစုများ၊ သင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ပြန်လည်ရောက်ရှိ

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် တောင်ငူမြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ကရင်ပြည်နယ် သံတောင်–တောင်စခန်းမြို့ ဘုရင့်နောင်ခန်းမ၌ ဘုရင့်နောင်တပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုများ၊ သင်တန်းသားများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မလေးရှားနိုင်ငံကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးခေါင်းဆောင်သော ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကိုယ်စားလှယ်အဖွဲ့ရောက်ရှိ

ရန်ကုန် မတ် ၁၃

မလေးရှားနိုင်ငံ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန ဝန်ကြီး H.E Dato' Seri Rafidah Aziz ခေါင်းဆောင်သောကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့ညနေ ၃ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းနှင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး H.E Dato' Cheah Sam Kip နှင့် သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တစ်မျိုးသားလုံးအရေး၊ တစ်မျိုးသားလုံးအကျိုးစီးပွားကိုဖော်ဆောင်မည့် အမျိုးသားညီလာခံကြီး

ဒီကနေ့ ပြည်ပနိုင်ငံအချို့က အမျိုးသားညီလာခံကြီးတွင် တရားဝင်နိုင်ငံရေးပါတီအချို့ ပါဝင်သင့်တယ်။ ဒီပါတီအဖွဲ့အစည်းအချို့ မပါဝင်တဲ့အတွက် တရားမဝင်သယောင် ပြောဆိုဝေဖန်နေပါတယ်။ သူတို့ဝေဖန်နေတဲ့အတိုင်းသာဆိုရင် အဲဒီပါတီအဖွဲ့အစည်းအချို့ကို အစိုးရက ပစ်ပယ်ထားသလို၊ ပိတ်ပင်ထားသလို အဓိပ္ပာယ်သက်ရောက်နေပါတယ်။ အစိုးရက ပစ်ပယ်ပိတ်ပင်ထားတာလား၊ သူတို့အကြံအစည်နဲ့ သူတို့ တမင်သက်သက် မတက်ဘဲနေတာလားဆိုတာကို သိရအောင် အမျိုးသားညီလာခံကြီး ဘယ်လို ဖြစ်ပေါ်လာသလဲဆိုတဲ့အကြောင်း ပြန်ပြောင်းလေ့လာသင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပြဿနာတွေကို ကိုယ်လိုသလို ဆွဲမယူသင့်ဘဲ ပကတိ အရှိအတိုင်းသာ ကြည့်သင့်၊ မြင်သင့်လို့ ဖြစ်ပါတယ်။

၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲဟာ နိုင်ငံတော်မှာလိုအပ်နေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေးအတွက် ကျင်းပပေးတဲ့ ဥပဒေပြုရွေးကောက်ပွဲသာ ဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲမှာ အများစု အရွေးခံရတယ်ဆိုတဲ့ ပါတီအဖွဲ့အစည်းက ဖွဲ့စည်းပုံဥပဒေမဲ့ အာဏာလွှဲဖို့ တောင်းဆိုလာတဲ့အတွက် ပြဿနာပေါ်ခဲ့ရတာပဲ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲဖို့အတွက် တစ်မျိုးသားလုံးကို ကိုယ်စားပြုတဲ့ အမျိုးသားညီလာခံကြီးကို တည်ဆဲအစိုးရက ခေါ်ယူကျင်းပပေးခဲ့ရတာပဲ ဖြစ်ပါတယ်။

၂၄-၄-၁၉၉၂ ရက်နေ့မှာ နိုင်ငံတော်က ကြေညာချက်အမှတ်(၁၁/၉၂)ကို ထုတ်ပြန်ပြီး အမျိုးသားညီလာခံခေါ်ယူရေးလုပ်ငန်းကို အစပြုခဲ့ပါတယ်။ ၂၈-၅-၁၉၉၂ ရက်နေ့မှာ နိုင်ငံတော်က အမိန့်အမှတ်(၉/၉၂)ဖြင့် ၁၉၉၂ ခုနှစ် ဇွန်လ ၂၃ ရက် နံနက် ၈း၀၀ နာရီအချိန်၌ အလုံလမ်း သမ္မတအိမ်တော်ဝင်း၊ အစည်းအဝေးခန်းမတွင် အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲ ခေါ်ယူမယ်လို့ ကြေညာခဲ့တယ်။ ဒီညှိနှိုင်းဆွေးနွေးပွဲသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ် ၁၅ ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်မှ ခြောက်ဦး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ သုံးဦး၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ တစ်ဦး၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ တစ်ဦး၊ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီမှ တစ်ဦး၊ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ တစ်ဦးတို့ ပါဝင်တက်ရောက်ခဲ့ကြပါတယ်။

၂၈-၅-၁၉၉၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၃၅/၉၂)ဖြင့် အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲကို ဦးဆောင်ကျင်းပရန် ကော်မတီတစ်ရပ် ဖွဲ့စည်းပေးခဲ့ပါတယ်။ ဒီကော်မတီနဲ့ ဖိတ်ကြားထားတဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များဟာ ၂၃-၆-၁၉၉၂ ရက်နေ့မှစတင်ပြီး အမျိုးသားညီလာခံကျင်းပရေးအတွက် ညှိနှိုင်းခဲ့ကြပါတယ်။

အားဖြင့် တပ်မတော်အစိုးရဟာ အမျိုးသားညီလာခံကြီးကို အများစုရွေးချယ်ခံထားရသော ပါတီအဖွဲ့အစည်းနဲ့ အရွေးချယ်ခံထားသော ပါတီအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနဲ့ ကြိုတင်ညှိနှိုင်း သဘောတူညီမှုနဲ့ စတင်ခဲ့တာဖြစ်တယ်။ တပ်မတော်အစိုးရ သဘောဆန္ဒတစ်ခုတည်းနဲ့ ဆောင်ရွက်ခဲ့တာ မဟုတ်ဘူးဆိုတာ ပေါ်လွင်ထင်ရှားနေပါတယ်။

အဲဒီလို သဘောတူညီချက်နဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်အသီးသီးကို ရွေးချယ်ဖိတ်ကြားပြီး ၁၉၉၃ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့မှာ အလုံလမ်း သမ္မတအိမ်တော်အတွင်းရှိ အစည်းအဝေးခန်းမမှာ အမျိုးသားညီလာခံကြီး စတင်ဖွင့်လှစ် ကျင်းပခဲ့ပါတယ်။ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့တွင် ကိုယ်စားလှယ် ၇၀၂ ဦး ပါဝင်တယ်။ အဲဒီ အစုအဖွဲ့ ရှစ်ဖွဲ့မှာ (၁) နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ (၂) ရွေးကောက်ပွဲတွင် အရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ (၃) တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ (၄) တောင်သူလယ်သမားကိုယ်စားလှယ်များ၊ (၅) အလုပ်သမားကိုယ်စားလှယ်များ၊ (၆) အတတ်ပညာရှင်၊ အသိပညာရှင်ကိုယ်စားလှယ်များ၊ (၇) နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ (၈) အခြားဖိတ်ကြားသင့်တဲ့ပုဂ္ဂိုလ်များ ပါဝင်ပါတယ်။ လူတန်းစားစုံ၊ အလွှာစုံ၊ တိုင်းရင်းသားလူမျိုးစုံ ကိုယ်စားလှယ်များ ဖြစ်ကြပါတယ်။

ေအာင်မိုးစံ

ဒီကနေ့ အမျိုးသားညီလာခံကြီးသို့ မတက်ရောက်တော့ဘဲ ဆန့်ကျင်နေတဲ့ တရားဝင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနဲ့ အရွေးချယ်ခံကိုယ်စားလှယ်များဟာ ၁၉၉၃ ခုနှစ် အမျိုးသားညီလာခံကို စုံညီစွာ တက်ရောက်ခဲ့ကြပါတယ်။ အဲဒီ ပထမဆုံး အမျိုးသားညီလာခံကြီးမှာ အခြေခံဥပဒေတွင် ပါဝင်ရမည့် အခန်းလိုက်ခေါင်းစဉ် ၁၅ ခုကို တစ်ခဲနက် သတ်မှတ်နိုင်ခဲ့ပါတယ်။ အခန်း(၁) လမ်းညွှန်အခြေခံမူ(၁၀၄)ချက် ချမှတ်နိုင်တယ်။ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံကို အခန်း(၂)တွင် ချမှတ်ခဲ့တယ်။ နိုင်ငံတော်အကြီးအကဲနဲ့စပ်ဆိုင်သော အခြေခံမူများကို အခန်း(၃)တွင် ချမှတ်ခဲ့တယ်။ အခန်း(၄၊ ၅၊ ၆) ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာ အခြေခံမူများ အနက် ဖွဲ့စည်းပုံမူဆိုင်ရာ အခြေခံမူများလဲ ချမှတ်ခဲ့ပြီး ဖြစ်ပါတယ်။

သတ်မှတ်ထားတဲ့ ကိုယ်စားလှယ်အရေအတွက် ပြည့်ဝစွာနဲ့ အမျိုးသားညီလာခံကြီးကို ဆက်လက်ကျင်းပလာခဲ့ပြီး ၁၉၉၆ ခုနှစ်မှာ ယာယီ ဆိုင်းငံ့ထားခဲ့ပါတယ်။ ဒါဟာလဲ နိုင်ငံတော်အစိုးရအနေနဲ့ အမျိုးသားသင့်မြတ် စည်းလုံးရေး၊ ဒီမိုကရေစီရေးအတွက် စိတ်ရှည်သည်းခံ အချိန်စောင့်တဲ့နည်း၊ ကိုယ်ပိုင်အတွေ့အကြုံရစေတဲ့ နည်းတွေနဲ့ ကြိုးပမ်းလာမှု ဖြစ်ပါတယ်။

၂၀၀၃ ခုနှစ် ဩဂုတ်လမှာ နိုင်ငံတော်အစိုးရဟာ တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို အကောင်အထည်ဖော်သွားနိုင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ခိုင်မာစွာ ချမှတ်ကြေညာခဲ့ပါတယ်။ ဒီမူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ လူမျိုးပေါင်းစုံ၊ လူတန်းစား အလွှာပေါင်းစုံပါဝင်တဲ့ အစုအဖွဲ့ရှစ်ခု ကိုယ်စားလှယ်ပေါင်း တစ်ထောင်ကျော်ဖြင့် ယာယီအားဖြင့် ဆိုင်းငံ့ထားခဲ့သော အမျိုးသားညီလာခံကြီးကို ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်မှ ဇူလိုင်လ ၉ ရက်နေ့အထိ မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းမှာ ယခင်ကထက် ပိုမိုကျယ်ပြန့်ခမ်းနားစွာ ဆက်လက်ကျင်းပခဲ့ပါတယ်။ ညီလာခံမကျင်းပမီ ယခင်ညီလာခံသို့ တက်ရောက်ခဲ့တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် တရားဝင် နိုင်ငံရေးပါတီအဖွဲ့အစည်းများနဲ့ အရွေးချယ်ခံ ကိုယ်စားလှယ်များသို့ တာဝန်ကျေပွန်စွာ ဖိတ်ကြားခဲ့ပါတယ်။ ဒါပေမယ့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်စတဲ့ အဖွဲ့အချို့က အမျိုးသားညီလာခံကို ဆက်လက် ဆန့်ကျင်ခဲ့ကြပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ အဲဒီ တစ်ဖွဲ့တစ်စုကြောင့် တစ်မျိုးသားလုံး အကျိုးစီးပွားဖြစ်တဲ့ အမျိုးသားညီလာခံကြီးနဲ့ နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ဘယ်လိုမှ အထိပါးခံမယ် မဟုတ်ပါ။ တစ်ဖွဲ့တစ်စု အကျိုးထက် တစ်မျိုးသားလုံးအကျိုးကိုသာ ရှေးရှုဆောင်ရွက်သွားမယ် ဖြစ်ပါတယ်။ ဒါဟာ အစိုးရတိုင်းရဲ့ တာဝန်လဲ ဖြစ်ပါတယ်။ Even the gods cannot fulfil man's wants လူအလို နတ်မလိုက်နိုင်ဆိုတဲ့ စကားပုံလဲ ရှိပါတယ်။

ဒီကနေ့ အမျိုးသားညီလာခံကြီးရဲ့ အပိုင်းတစ်ပိုင်းကို အောင်မြင်စွာ ပြီးစီးခဲ့တဲ့အတွက် ယခုတစ်ဖန် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှစတင်ပြီး အမျိုးသားညီလာခံကြီးကို ဆက်လက်ကျင်းပနေပါတယ်။ အသေးစိတ်အခြေခံရမည့်မူများကို ဆွေးနွေးညှိနှိုင်းနေပြီ ဖြစ်ပါတယ်။ အမျိုးသားညီလာခံကြီးရဲ့ ဖြတ်သန်းလာတဲ့အစဉ်ကို ခြုံ သုံးသပ်ကြည့်မယ်ဆိုရင် နိုင်ငံတော်အစိုးရဘက်က အမျိုးသားသင့်မြတ်စည်းလုံးရေး၊ ဒီမိုကရေစီရေးအတွက် အကြိမ်ကြိမ်ဖိတ်ခေါ်လက်ကမ်းခဲ့ပေမယ့် အရွေးချယ်ခံ ပါတီအဖွဲ့အစည်းအချို့ဟာ ရည်ရွယ်ချက်ရှိရှိနဲ့ ဆန့်ကျင်လာခဲ့ကြတာ ဖြစ်ပါတယ်။ အထူးသဖြင့် ပြည်ပနိုင်ငံကြီးအချို့ရဲ့ အလိုကျ အနောက်ဒီမိုကရေစီ ပုံတူကူးရေးနဲ့ အာဏာကို ဖြတ်လမ်းက ရယူရေးအတွက်ကြောင့် ဖြစ်နိုင်ပါတယ်။

ဒီနေ့ဒီအချိန်ဟာ တစ်မျိုးသားလုံး သင့်မြတ်စည်းလုံးစွာနဲ့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တစ်စိတ်တစ်ဝမ်းတည်း လက်တွဲ ထူထောင်သွားရမယ့် အချိန်အခါကောင်း ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရက တစ်ဖွဲ့တစ်စုအရေးထက် တစ်မျိုးသားလုံးအရေး၊ တစ်မျိုးသားလုံး အကျိုးစီးပွားဖြစ်တဲ့ အမျိုးသားညီလာခံကြီးကို နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နဲ့အညီ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ငြိမ်းချမ်းစွာဖြစ်ပေါ်လာရေးအတွက် မဆိုတ်မသုန်ရှေးရှုပြီး ခိုင်မာပြတ်သားစွာ ဆောင်ရွက်သွားမယ်ဆိုတာ တိုင်းသိ ပြည်သိ ကမ္ဘာသိ ကြေညာထားပြီးဖြစ်။

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနဲ့ ဆွေးနွေးညှိနှိုင်းရေး ဦးဆောင်ကော်မတီဝင် ၁၅ ဦး စုစုပေါင်း ၄၄ ဦး တက်ရောက်ခဲ့ပါတယ်။ ၁၀-၆-၁၉၉၂ ရက်နဲ့ ၁၀-၇-၁၉၉၂ ရက်တို့မှာ ဆက်လက် ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။ ဆွေးနွေးပွဲ အောင်မြင်ပြီးဆုံးသော ၁၀-၇-၁၉၉၂ ရက်နေ့မှာ ကော်မတီဥက္ကဋ္ဌက ဆွေးနွေးပွဲ ကိုယ်စားလှယ်အားလုံးကို ညစာစားပွဲနဲ့ ဂုဏ်ပြုဧည့်ခံခဲ့ပါတယ်။ နိုင်ငံတော် အကြီးအကဲကိုယ်တိုင် ကိုယ်စားလှယ်များကို တွေ့ဆုံနှုတ်ဆက်အားပေးခဲ့ ပါတယ်။ အဲဒီလို တွေ့ဆုံဆွေးနွေးခဲ့တဲ့ ဆွေးနွေးပွဲရလဒ်အဖြစ် ကိုယ်စားလှယ် အစုအဖွဲ့ရှစ်ဖွဲ့၊ ကိုယ်စားလှယ်ရွေးချယ်ပုံနည်းလမ်းများနဲ့ ညီလာခံ ဦးတည်ချက်များကို သတ်မှတ်ခဲ့ကြပါတယ်။ ဒီအပေါ် လေ့လာကြည့်ခြင်း

အဲဒီလို အမျိုးသားညီလာခံကြီးကို တစ်မျိုးသားလုံးကိုယ်စား စည်းလုံးညီညွတ်စွာ ကျင်းပနေစဉ်မှာပဲ ၁၉၉၅ ခုနှစ်မှာ ဒေါ်စုကြည် အိမ်တွင်းအကျယ်ချုပ်မှ လွတ်မြောက်လာတာနဲ့ မဆိုင်းမတွေဘဲ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကိုယ်စားလှယ်များဟာ အမျိုးသားညီလာခံကို ကျောခိုင်းထွက်ခွာသွားခဲ့ကြပါတယ်။ အဲဒီတုန်းက အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မယ်ဒလင် အောလ်ဘရိုက် ရောက်ရှိလာပြီး ဒေါ်စုကြည်နဲ့ တွေ့ဆုံခဲ့တယ်။ ဒီနောက်ပိုင်း ဒေါ်စုကြည်က အမျိုးသားညီလာခံဟာ အတုအယောင်သာဖြစ်တယ်လို့ သဲယောင်လိုက်ပြောဆိုပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အမျိုးသားညီလာခံကိုယ်စားလှယ်များကို ညီလာခံက ထွက်ခွာစေခဲ့တာပဲ ဖြစ်ပါတယ်။ ဒါပေမယ့်

ပြည်ပနိုင်ငံကြီးအချို့က နိုင်ငံရေးပါတီအချို့ ပါဝင်မှု အမျိုးသားညီလာခံဟာ တရားဝင်မယ်၊ နိုင်ငံရေးပါတီအချို့ ပါဝင်သင့်တယ်ဆိုတဲ့ ဝေဖန်ပြောဆိုမှုတွေဟာ မြန်မာတစ်မျိုးသားလုံးအကျိုးအတွက် မဟုတ်ဘဲ တစ်ဖွဲ့တစ်စုအတွက်သာ ဖြစ်နေပါတယ်။ ဒါကြောင့် **နိုင်ငံတော်အစိုးရက တစ်ဖွဲ့တစ်စုအရေးထက် တစ်မျိုးသားလုံးအရေး၊ တစ်မျိုးသားလုံး အကျိုးစီးပွားဖြစ်တဲ့ အမျိုးသားညီလာခံကြီးကို နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ငြိမ်းချမ်းစွာဖြစ်ပေါ်လာရေး အတွက် မဆိုတ်မသုန်ရှေးရှုပြီး ခိုင်မာပြတ်သားစွာ ဆောင်ရွက်သွားမယ်ဆိုတာ တိုင်းသိ ပြည်သိ ကမ္ဘာသိ ကြေညာထားပြီးဖြစ်**ကြောင်း အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲကို မတ် ၁၀ ရက်က ကျောင်းခန်းမတွင်ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ကစ်တီက မောင်ညီလင်းဆက်အား သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။ (က-ပ)

တောင်ငူမြို့နယ်အသင်း(ရန်ကုန်)ဂုဏ်ပူဇော်ပွဲ

ရန်ကုန် မတ် ၁၃

တောင်ငူမြို့နယ်အသင်း(အုတ်တွင်း၊ ထန်းတပင်အပါအဝင်) ရန်ကုန်၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ဘွဲ့ခံဆရာတော်ကြီးများဖြစ်ကြသော ဘဒ္ဒန္တ သီရိသာရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) မွေ့စရိယတက္ကသိုလ် စာသင်တိုက် တောင်ငူ၊ ဘဒ္ဒန္တ အရိယဝံသာဘိဝံသ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ရတနာ ဂုဏ်မြင့်ကျောင်း တောင်ငူ၊ ဘဒ္ဒန္တ ပညာစက္က (အဂ္ဂမဟာပဏ္ဍိတ) သောင်ကုန်း သာသနာ့ရိပ်သာ တောင်ငူ၊ ဘဒ္ဒန္တ ဇောတိက (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ဝေဠုဝန်သာသနာ့ရိပ်သာ တောင်ငူ၊ ဘဒ္ဒန္တ သုပါကဋာဘိဝံသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ရွှေဘုံကြီးစာသင်တိုက် တောင်ငူနှင့် ဘဒ္ဒန္တ ခေမာစာရ (မဟာဂန္ထဝါစကပဏ္ဍိတ) ကန်ကလေးတောရကျောင်းတိုက် အုတ်တွင်းမြို့တို့အား ဂုဏ်ပူဇော်ပွဲကို မတ် ၂၆ ရက် နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ကြားတောရလမ်း မဓုသုခတိုက် ဖေယျာအောင်မြေကျောင်း ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်တွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများနှင့် အသင်းဝင်ရသေးသောပုဂ္ဂိုလ်များ ကြွရောက်ကြရန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို အမှုဆောင်များဖြစ်သော ဦးထွန်းထွန်း ဘုရင့်နောင်သက်န်းတိုက် ဖုန်း-၅၄၃၉၅၈၊ ၀၉-၅၀-၀၁၉၀၃၊ ဦးတင်လှ ဖုန်း-၇၂၂၇၈၅ နှင့် ဒေါ်မြင့်မြင့်စန်း ဖုန်း-၇၀၀၂၈၈၊ ၀၉-၅၁-၂၅၄၄၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မတ် ၁၀ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် စာပန်းချီ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးချစ်ကိုကို၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဌာနမှူး ဒေါ်မြမြနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးထိန်လင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၂၅၉)

တပ်မတော်နေ့အထိမ်းအမှတ် စစ်တိုင်းပြိုင်ပွဲ ပထမဒိုင်းဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ်စစ်တီးဝိုင်းနှင့် ဘော်လီဘောအသင်းတို့အား ဂုဏ်ပြုညစာတည်ခင်း

ရန်ကုန် မတ် ၁၃

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် (၁၄) ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ၌ ပထမတံခွန်စိုက်ဒိုင်းဆုရရှိသည့် ရန်ကုန်တိုင်း စစ်ဌာနချုပ် စစ်တီးဝိုင်းအဖွဲ့နှင့် ၂၀၀၄ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ဘော်လီဘောပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိခဲ့သည့် ရန်ကုန်တိုင်း စစ်ဌာနချုပ် ဘော်လီဘောအသင်းတို့အား ဂုဏ်ပြုတည်ခင်းသည့် ညစာစားပွဲကို ယမန်နေ့ ညနေ ၆ နာရီခွဲတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ်ခန်းမဆောင်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဇနီး၊ စစ်ဒေသမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုဆုငွေပေးအပ်

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားသည်။ ထို့နောက် အောင်ပွဲရ ရန်ကုန်တိုင်းစစ်ဌာနချုပ် စစ်တီးဝိုင်းအဖွဲ့ ဘော်လီဘော(အမျိုးသား)အသင်းနှင့် ဘော်လီဘော (အမျိုးသမီး)အသင်းတို့က တံခွန်စိုက်ဒိုင်းဆုကြီးများကို အပ်နှံကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လက်ခံပြီး ဂုဏ်ပြုဆုငွေများကို ပေးအပ်သည်။

တံခွန်စိုက်ဒိုင်းဆု

ရန်ကုန်တိုင်းစစ်ဌာနချုပ် စစ်တီးဝိုင်းအနေဖြင့် ၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၁၃)ကြိမ်မြောက် တပ်မတော် (ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲနှင့် ယခုနှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲများတွင် နှစ်နှစ်ဆက်တိုက် တံခွန်စိုက်ဒိုင်းဆုကြီးများကိုရရှိခဲ့သည်။ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဘော်လီဘောအသင်းအနေဖြင့် အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲ နှစ်မျိုးစလုံးတွင် တံခွန်စိုက်ဒိုင်းဆုကြီးများရရှိခဲ့ပြီး နေရာအလိုက်အကောင်းဆုံးဆု ခြောက်ဆုကိုလည်း ရရှိခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံကိုယ်စားလှယ်များ ရွှေတိဂုံစေတီတော်အား ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံနားရက်၌ ကိုယ်စားလှယ်များဘုရားများဖူးမြော်ကြည်ညို ခရစ်ယာန်ဘာသာဝင်များ ဘုရားရှိခိုးကျောင်းများ၌ဝတ်ပြုဆုတောင်း

ရန်ကုန် မတ် ၁၃

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံသို့ တက်ရောက်နေသော အမျိုးသား ညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၏စီစဉ်မှုဖြင့် အမျိုးသားညီလာခံနားရက်ဖြစ်သည့် ယမန်နေ့(စနေနေ့)တွင် ရန်ကုန်မြို့ရှိ ဘုရားများအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ယနေ့(တနင်္ဂနွေနေ့)တွင် ဘုရားရှိခိုးကျောင်းများသို့ သွားရောက်ဝတ်ပြုဆုတောင်းကြသည်။

အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးမြင့်ထွန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့တွင် မော်တော်ယာဉ်များဖြင့် ညောင်နှစ်ပင်စခန်းမှထွက်ခွာကြပြီး နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ရှိ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြရာ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးမြသိန်း၊ ဦးဇော်မင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖူးမြော်ကြည်ညို

ထို့နောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် စေတီတော် ရင်ပြင် ရာဟုထောင့်ရှိ အောင်မြေမှနေ၍ စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ စေတီတော် ဂေါပကအဖွဲ့ ဌာနမှူးဦးသိန်းဇော်က လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး၏ သမိုင်းကြောင်းနှင့်ကြည်ညို မှတ်သားဖွယ်ရာများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် (၂၅၉၃) နှစ်မြောက် ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်နိုင်ရန်အတွက် စုပေါင်း လှူဒါန်းငွေကျပ် ၁၃၀၁၉၀ ကို ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့ဝင် ဦးမြသိန်းနှင့် တာဝန်ရှိသူများကလက်ခံကြပြီး လှူဒါန်းမှုအတွက် သာဓုသုံးကြိမ်ခေါ်ဆိုကြသည်။

ဝယ်ယူအားပေး

ယင်းနောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး ဂြိုဟ်တိုင်များရှိဗုဒ္ဓရုပ်ပွားတော်များအား ရေသပ္ပာယ်၍ ဆီမီးနှင့် အမွှေးတိုင်များဖြင့် ကပ်လှူပူဇော်ကြကာ ရင်ပြင်တော်ရှိ စေတီတော်ဂေါပကအဖွဲ့ အရောင်းဆိုင်တွင် ပြက္ခဒိန်၊ ပုံတော်၊ ဘာသာရေးစာအုပ်များနှင့် မြတ်ဗုဒ္ဓ၏ အောင်ခြင်းရှစ်ပါး ဗွီစီဒီ၊ ဒီဗွီဒီခွေများကို ဝယ်ယူအားပေးကြသည်။

ထိုမှတစ်ဆင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် မြောက်ဥက္ကလာပမြို့နယ်ရှိ ဆုတောင်းပြည့် မယ်လမုစေတီတော်သို့ ရောက်ရှိကြရာ စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းမောင်၊ အတွင်းရေးမှူး ဦးမျိုးလွင်နှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြပြီး ဧည့်ခံကြိုဆိုရေးမဏ္ဍပ်၌ အချိုရည်များဖြင့် ဧည့်ခံတိုက်ကျွေးသည်။

ယင်းနောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် စေတီတော်အားဖူးမြော်ကြည်ညိုကြပြီး စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းမောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး စေတီတော်၏ သမိုင်းကြောင်း အကျဉ်းချုပ်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် စေတီတော်အတွက် စုပေါင်းလှူဒါန်းငွေ ၈၄၁၃၅ ကျပ်ကို ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသန်းမောင်နှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံကြပြီး အနုမောဒနာ မော်ကွန်းလွှာကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ဆုတောင်းပြည့်မယ်လမုစေတီတော်အား အမွှေးတိုင်နှင့် ဆီမီးများဖြင့် ကပ်လှူပူဇော်ကြပြီး စေတီတော်အား လှည့်လည်ဖူးမြော်ကြရာ ဂေါပကအဖွဲ့ဝင်များက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြရာ မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းသို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ဘုရားဖူးခရီးစဉ်တွင် ရွှေတိဂုံစေတီတော်နှင့် ဆုတောင်းပြည့် မယ်လမုစေတီတော်တို့၌ အမွှေးတိုင်များ ပူဇော်နိုင်ရန် ကံပွင့်အမွှေးတိုင် လုပ်ငန်းပိုင်ရှင် အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးအောင်သန်းက ငွေကျပ် ၄၅၀၀၀တန်ဖိုးရှိ ကံပွင့်အမွှေးတိုင် အထုပ် ၇၀၀ကို လှူဒါန်းသည်။

ဝတ်ပြုဆုတောင်း

အလားတူပင် ခရစ်ယာန်ဘာသာဝင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများလိုက်ပါလျက် အမျိုးသားညီလာခံနားရက်ဖြစ်သည့် ယနေ့ (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ရန်ကုန်မြို့ တာမွေမြို့နယ် မာန်အောင်ရပ်ကွက် အေးသာယာလမ်းရှိ ခရစ်ယာန်ရိပ်သာသို့ လည်းကောင်း၊ မင်္ဂလာဒုံမြို့နယ်ရှိ ရှင်ဂျော့ဂျက်အင်္ဂလီကန် ဘုရားရှိခိုးကျောင်းသို့လည်းကောင်း မော်တော်ယာဉ်များဖြင့် သွားရောက်ဝတ်ပြုဆုတောင်းကြသည်။

(သတင်းစဉ်)

မြန်မာ့စီးပွားရေးဘဏ် အောက်မြန်မာပြည် မန်နေဂျာများလုပ်ငန်းညှိနှိုင်းဆွေးနွေး

ရန်ကုန် မတ် ၁၃

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် အောက်မြန်မာပြည် မန်နေဂျာများ၏ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် နှစ်ချုပ်စာရင်းပိတ် လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲ ကိုယနေ့ မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ဘဏ်ခွဲ(၁) သင်တန်းခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ အကြီးအကဲများ၊စီမံခန့်ခွဲမှုအဖွဲ့နှင့်စာရင်းစစ်ချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)ဌာနများမှ တာဝန်ရှိသူများ၊ အောက်မြန်မာပြည်မှ ပြည်နယ်၊တိုင်း၊ ခရိုင်၊မြို့နယ်မန်နေဂျာများ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေး

အဆိုပါ မြန်မာ့စီးပွားရေးဘဏ် အောက်မြန်မာပြည်မန်နေဂျာများ၏ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် နှစ်ချုပ် စာရင်းပိတ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို မတ်၉ရက်မှ ယနေ့အထိကျင်းပခဲ့ရာ မတ် ၉ရက်တွင် ဘဏ်လုပ်ငန်းဆိုင်ရာ ဘာသာရပ်ခုနစ်ခုကို စာတမ်းပြုစုရေးအတွက် စာတမ်းပြုစုရေးအဖွဲ့များက ညှိနှိုင်းဆွေးနွေးခြင်း၊ မတ် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ တနင်္သာရီတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်ရုံးများမှ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်မန်နေဂျာများနှင့် အကြိုညှိနှိုင်းဆွေးနွေးခြင်း၊ မတ် ၁၂ ရက်တွင် ဘာသာရပ်အလိုက် စာတမ်းဖတ်ပွဲနှင့် အကြိုညှိနှိုင်းဆွေးနွေးပွဲ မေးမြန်းချက်များကို ဖြေကြားခြင်းများကို ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေါက်ခေါင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် မတ် ၁၃

ပေါက်ခေါင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးကို မတ် ၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ဂျိုးဖြူလမ်း ဖဆပလရပ်ကွက် တိုက် ၆၈ရှေ့ရှိ သာသနဟိတကာရီဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ပေါက်ခေါင်းမြို့သူ မြို့သားများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

မတ် ၁၁ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း) အမက(၈)တွင် ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ဘက်စုံပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကျင်းပရာ ဒုတိယတန်းမှ ဘာသာရပ်ထူးချွန်ဆု(အင်္ဂလိပ်စာ) ဆုရ ကျောင်းသူ မမမိုးထက်အောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးက ဆုချီးမြှင့်စဉ်။

(က-ပ)

ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း

ရန်ကုန် မတ် ၁၃

ပုဇွန်တောင်မြို့နယ် ရေကျော်လမ်း အမှတ် ၇၇ ရှိ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၌ မူလတန်း၊ အလယ်တန်း ကလေးငယ်များအတွက် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းကို ဧပြီ ၁၈ ရက်မှ ၂၉ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ၁၀နာရီအထိ သင်ကြားပေးမည်ဖြစ်ရာ ကြိုတင်စာရင်းပေးနိုင်ကြောင်းသိရသည်။ (၃၅၂)

လောင်စာတွေကိုရှင်း
မီးဘေးအန္တရာယ်ကင်း

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် နန်းယွန်းနှင့် ပန်ဆောင်မြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး ဌာနအချင်းချင်းပူးပေါင်း၍ ဒေသခံပြည်သူများနှင့် လက်တွဲဆောင်ရွက်ရန် မှာကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် စစ်ကိုင်းတိုင်းခန္တီးခရိုင်နန်းယွန်းမြို့ အခြေခံပညာ အထက်တန်းကျောင်း Computer Room, Language Lab., e. Education Learning Centre တို့ကို ကြည့်ရှုစဉ်။

(သတင်းစဉ်)

ရန်ကုန် မတ် ၁၃

စစ်ကိုင်းတိုင်းခန္တီးခရိုင် နန်းယွန်းမြို့တွင်ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ်၈ရက် နံနက်၇နာရီက နန်းယွန်းမြို့ရှိ ဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိကြပြီး နန်းယွန်းမြို့ ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇိန္ဒအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် နန်းယွန်း ဘုန်းတော်ကြီးကျောင်း ဆွမ်းစားဆောင်ဆောက်လုပ်ရေးအတွက်ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ငွေကျပ်တစ်သိန်း၊ ကချင်ပြည်နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ငွေကျပ်တစ်သိန်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်က ငွေကျပ် ငါးသိန်း၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်က ငွေကျပ်ငါးသိန်း၊ သာသနာရေးဝန်ကြီးဌာနက ငွေကျပ် ငါးသိန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက ငွေကျပ်ငါးသိန်း စုစုပေါင်းလှူဒါန်းငွေကျပ် ၂၂ သိန်းကို ပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ကြီးအေးလွင်က လက်ခံသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင် များလိုက်ပါလျက် နန်းယွန်းမြို့ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိပြီး အရာရှိစစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က နယ်မြေခံ တပ်ရင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် အပ်ချုပ်စက်တစ်လုံး၊ အင်္ကျီအဝတ်အထည်များနှင့် ငွေကျပ် တစ်သိန်းတို့ကို ပေးအပ်ရာ နယ်မြေခံတပ်ရင်းမှ ဒုတိယ ဗိုလ်မှူးကြီးကောင်းကျော်က လက်ခံသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ် ရေးအဖွဲ့ နယ်မြေခံတပ်ရင်း မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းအတွက် လှူဒါန်းသည့် အပ်ချုပ်စက်တစ်လုံး၊ အင်္ကျီအဝတ်အထည်များနှင့် ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက နယ်မြေခံ တပ်ရင်းအတွက် အားကစားအသုံးအဆောင် ပစ္စည်းများ၊ တိုင်းရင်းဆေးဝါးများ၊ နယ်မြေခံတပ်ရင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် ငွေကျပ်တစ်သိန်းနှင့် ကွန်ပါဘူးများကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင် များသည် နန်းယွန်းမြို့ရှိ ဌာနဆိုင်ရာ ရုံးအဆောက်အအုံများ နှင့် နန်းယွန်းမြို့တွင်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင် များသည် နန်းယွန်းမြို့ အခြေခံပညာအထက်တန်းကျောင်း သို့ ရောက်ရှိကြပြီး Computer Room, Language Lab, e-Education Learning Centre တို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံကျောင်းအုပ်ကြီး ဦးရောင် ရန်းနှင့် တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းတင်ပြ ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကျောင်းရုံးခန်းမ၌ ပန်ဆောင်မြို့ အထွေထွေအုပ်ချုပ်ရေးမှူး ဦးကပ်ကျော်နှင့် တာဝန်ရှိသူများအား တွေ့ဆုံရာ ရှေးဦးစွာ ပန်ဆောင်မြို့ အထွေထွေအုပ်ချုပ်ရေးမှူး ဦးကပ်ကျော်က ပန်ဆောင်မြို့၏ ဒေသဆိုင်ရာ အချက်အလက်များ၊ မြေယာ အသုံးချမှု၊ ဒေသဝမ်းစာဖူလုံမှုအခြေအနေ၊ စိုက်ပျိုးမွေးမြူ ရေးလုပ်ငန်းများ ဆောင်ရွက်မှု၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာသာသနာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ် ရေး အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များ သည် နန်းယွန်းမြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ဆက် လက်ထွက်ခွာလာကြရာ ညနေ၃နာရီ မိနစ်၄၀တွင် ခန္တီးခရိုင် ပန်ဆောင်မြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင် များသည် ပန်ဆောင်မြို့ရှိ တိုက်နယ်ဆေးရုံ၊ ပန်ဆောင်မြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် ပန်ဆောင်မြို့တွင်း တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင် များလိုက်ပါလျက် ပန်ဆောင်မြို့ နောင်ယန်းခန်းမ၌ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဒေသခံရပ်မိရပ်ဖများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ ဝင်များအား တွေ့ဆုံရာ ရှေးဦးစွာ ပန်ဆောင်မြို့ အထွေထွေ အုပ်ချုပ်ရေးမှူး ဦးကပ်ကျော်က ပန်ဆောင်မြို့၏ လိုအပ်ချက် များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကား ပြောကြားရာတွင် ပန်ဆောင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများ အနေဖြင့်လည်း နိုင်ငံတော်၏ စေတနာကို နားလည်သဘော ပေါက်သိမြင်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ထမ်း အချင်းချင်း၊ ဌာန အချင်းချင်းပူးပေါင်း၍ ဒေသခံပြည်သူ များနှင့် လက်တွဲကာ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အပ်ချုပ်စက် တစ်လုံးနှင့် အဝတ်အထည်များကို ပေးအပ် လှူဒါန်းရာ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက လက်ခံကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပန်ဆောင် မြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ကွန်ပျူတာ တစ်စုံနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေကျပ်တစ်သိန်း တို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးသန်း မြင့်ဦးနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက စောင်အထည် ၅၀၊ မျက်နှာသုတ်ပဝါ အထည် ၅၀၊ ပိတ်အလိပ် ၂၀နှင့် ရက်ကန်းစင်နှစ်စင်အတွက် ချည်အထည် ၅၀၀ တို့ကိုလည်းကောင်း၊ ကချင်ပြည်နယ် အမျိုးသမီး ရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ပန်ဆောင်မြို့ အမျိုးသမီးရေးရာအဖွဲ့နှင့် ပန်ဆောင်မြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွက် ငွေကျပ် တစ်သိန်းစီနှင့် စားသောက်ဖွယ်ရာများ ကိုလည်းကောင်း၊ ပန်ဆောင်မြို့ပညာရေးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ငွေကျပ် ၂၁၅၀၀၀၊ ဒေသခံပြည်သူများအတွက် အင်္ကျီ၊ ဘောင်းဘီ၊ ခေါင်းစွပ်၊ လျှာထိုးဦးထုပ်များကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်သာအေးက ပန်ဆောင်မြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ကွန်ပျူတာ တစ်စုံ၊ ၂၁လက်မရုပ်မြင်သံကြားစက်တစ်လုံး၊ ဂွမ်းစောင် အထည် ၁၅၀နှင့် ပညာရေးပဒေသာပင်အတွက် ငွေကျပ် ငါးသိန်း၊ ကျန်းမာရေးဆေးပဒေသာပင်အတွက် ငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံ ကြသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြား ရေးမှူးဒေါက်တာကျော်ညွှန့်စိန်က ဆေးဝါးများကို ပေးအပ် လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များ သည် ပန်ဆောင်မြို့ ဘုန်းတော်ကြီးကျောင်း ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကေသရအား သွားရောက် ဖူးမြော် ကြည်ညိုကြပြီး ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း အုတ်ရေ ကန်တည်ဆောက်ရန်အတွက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ငွေကျပ်တစ်သိန်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်က ငွေကျပ် သုံးသိန်း၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်ကငွေကျပ် တစ်သိန်း စုစုပေါင်းငွေကျပ်ငါးသိန်းကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များ အလှူရှင်များ ပေးပို့လှူဒါန်းလျက်ရှိ

ရန်ကုန် မတ် ၁၃

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နိုင်ငံတစ်ဝန်းလုံးရှိ ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စေတနာရှင်၊ အလှူရှင်များက နေ့စဉ်မပြတ် ငွေနှင့်စာအုပ်များကို ပေးပို့လှူဒါန်းလျက်ရှိကြသည်။

၂၀၀၅ ခုနှစ် မတ် ၇ရက်အထိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(ရုံးချုပ်)သို့ တိုက်ရိုက်လှူဒါန်း ခဲ့ကြသည့် အလှူရှင်များမှာ ဦးညွန့်ရွှေနှင့်ဇနီး ဒေါ်သန်းသန်း ဌေး မိသားစု (ရွှေစစ်သည်ကျေးရွာအုပ်စု မိတ္ထီလာခရိုင် မန္တလေးတိုင်း)က အင်္ဂလိပ်-မြန်မာ ဇာတိမာန်ကဗျာ စာတမ်း ၃၄အုပ်၊ ဒေါ်အုန်းကြည် မိသားစု(တာမွေမြို့နယ်) က မြတ်မင်္ဂလာစာစောင် ၁၄၀၊ ဦးစိုးမြင့်(လမ်းမတော် မြို့နယ်)က ဘာသာရေးစာအုပ် ၂၇ အုပ်၊ ဦးဇော်ဦး (ကျောက်တံတားမြို့နယ်)က သုတ၊ လုံးချင်း၊ မဂ္ဂဇင်းစာအုပ် ၁၂အုပ်၊ ဒေါ်လှသန်း(မင်္ဂလာတောင်ညွန့်မြို့နယ်)က မဂ္ဂဇင်း ၂၄အုပ်၊ ဦးခင်မြင့် (သာကေတမြို့နယ်)က သုတမျိုးစုံ စာအုပ် ၇၀၊ ဦးမင်းဆွေ(ကျောက်တံတားမြို့နယ်)က မဂ္ဂဇင်းစုံ ၄၆၉ အုပ်၊ ဒေါ်ကျင်ဆွိ (လမ်းမတော်မြို့နယ်) က မဂ္ဂဇင်း ၁၅၁ အုပ်၊ Easten Myanmar Int., Co., Ltd.က မဂ္ဂဇင်း၊ ဂျာနယ် ၁၁၇အုပ်၊ ဦးဟုတ်စွမ်-ဒေါ်မိုး မိုးမင်း(ဗိုလ်တထောင်မြို့နယ်)က မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင် ၇၁အုပ်၊တက္ကသိုလ်ဟန်မင်းဦး (မြန်မာနိုင်ငံဓာတ်ပုံအသင်း) က ဂျာနယ်စုံ ၇၃၉ စောင်၊ ဒေါ်အုန်းအုန်းမြင့်(လမ်းမတော် မြို့နယ်)က မဂ္ဂဇင်း၊ ဂျာနယ်အုပ်၁၈၀၊ ဦးဝဏ္ဏ၊ ဒေါ်နီနီ (ဗိုလ်တထောင် မြို့နယ်)က ဂျာနယ်စုံ ၇၉ စောင်၊ ဒေါ်တင်မြင့် (ရန်ကင်းမြို့နယ်)က ဘာသာရေးစာစောင် ၈၀၊ ဦးစိုးရင်-ဒေါ်အမာ (ပုဇွန်တောင်မြို့နယ်)က မဂ္ဂဇင်းစုံ၊ ဂျာနယ်စုံ ၁၆၀၊ ဦးကျော်ညွန့်-ဒေါ်မြမြအေး မိသားစု (တာမွေမြို့နယ်)က မဂ္ဂဇင်းစုံ ၇၀၊ ဦးစိုင်းဝင်းမြင့် - ဒေါ်ကေသီထွန်းရှိန် (ကမာရွတ်မြို့နယ်)က မဂ္ဂဇင်းစုံ၊ ဂျာနယ်စုံ ၂၄၂ အုပ်၊ ကံ့ကော်တော မျိုးအောင်-ဒေါ်တင် မာရီ(ပုဇွန်တောင်မြို့နယ်)က မဂ္ဂဇင်းစုံ ၈၂ အုပ်၊ ဦးအောင် ကျော်တင့်(ပုဇွန်တောင် မြို့နယ်)က ဂျာနယ်စုံ ၁၀၉ စောင်၊ ဒေါ်ခင်လှကြည်(ပန်းဘဲတန်းမြို့နယ်)က ဂျာနယ်စုံ ၂၄၇ စောင်၊ ဒေါ်ခင်မြင့်ဦး၊ သမီး ရည်မွန်သန့်(တောင် ဥက္ကလာပမြို့နယ်)က မဂ္ဂဇင်းစုံ၊ ဂျာနယ်စုံ ၃၂၀၊ ဒေါ်ခင် ဖြူဝင်း (ပုဇွန်တောင်မြို့နယ်)က မဂ္ဂဇင်းစုံ၊ ဂျာနယ်စုံ ၄၁၄ အုပ်၊ ဦးမောင်မြိုင်-ဒေါ်စန်းစန်းထွန်း၊ သမီး ရတနာမျိုးအောင်၊ သား မောင်မျိုးအောင်(ရန်ကင်းမြို့နယ်) က ဂျာနယ်စုံ၊စာစောင် ၅၄၃ စောင်၊ ဦးနီလေးမောင် (ကျောက်တံတားမြို့နယ်)က မဂ္ဂဇင်းအုပ်ရေ ၂၀၀၊ ဒေါ်အေး အေးထွန်း (တံခွန်စာပေ) (၃၂)လမ်းက သုတစာအုပ်မျိုးစုံ ၁၅၀၊ ဦးတင်ဦး (မြောက်ဥက္ကလာပမြို့နယ်)က သုတ၊ လုံးချင်း၊ ဂျာနယ်မျိုးစုံ၊ မဂ္ဂဇင်း ၂၀၇၇ အုပ်၊ ကိုလင်း ကျော်စွာ-မကြည်ကြည်မြင့် (အလုံမြို့နယ်)က ငွေကျပ် ၁၀၀၀၀၊ မောင်ဝေယံထက်အောင်၊ မောင်အိုသွေးအောင် (၈၈)လမ်းက မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ ၄၂၁အုပ်၊ ကိုအောင် ကျော်စိုး (သင်္ဃန်းကျွန်းမြို့နယ်)က ဂျာနယ်စုံ ၁၅၀၊ ဒေါ်ရင်မေ (ရွှေပြည်သာမြို့သစ်)က ဘာသာရေးစာအုပ် ၃၀၊ ဟင်္သာတ ဦးကျော်ငြိမ်း-ဒေါ်ကျင်သိန်းမိသားစု (ဒဂုံမြို့နယ်)က သုတ၊ မဂ္ဂဇင်း၊ ဂျာနယ် ၆၇ အုပ်၊ ဒေါ်စီစီကျော်ဝင်း (ဗဟန်းမြို့နယ်)က မဂ္ဂဇင်း ၁၄ အုပ်၊ ဦးလှမင်း(ဗိုလ်တထောင် မြို့နယ်)က ဝတ္ထု၊ မဂ္ဂဇင်း၊ စာစောင် ၃၉၇ အုပ်၊ မပိုးဇာသဲအောင် (မရမ်းကုန်းမြို့နယ်) က ငွေကျပ် ၃၀၀၀၀ တို့ ဖြစ်ကြသည်။

အဆိုပါ အလှူရှင်များထံ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ကျေးဇူးတင် ဂုဏ်ပြုလွှာများကို ပေးပို့လျက်ရှိကြောင်းနှင့် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ အတွက် စာအုပ်၊ စာစောင်များနှင့် ငွေပဒေသာပင်များကို အမှတ်(၂၂/၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဂ္ဂင်ကျောင်းတိုက် တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၃

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အရိယာမဂ္ဂင် ကမ္မဋ္ဌာန်း ကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော်ကြီးဘဒ္ဒန္တနန္ဒိယကိုယ်တိုင် ကြီးကြပ်ဟောကြားပို့ချမည့် ခုနစ်ရက် တရားစခန်းကို ဧပြီ၁၃ရက်(သင်္ကြန် အကြိုနေ့)တွင် စတင်ဖွင့်မည်ဖြစ်ရာ တရားစခန်းဖွင့်ပွဲနှင့်အတူ ဆရာတော် ကြီး၏ (၂၇) ကြိမ်မြောက် သိက္ခာ ကံထပ်အလှူနှင့် ဒုလ္လဘရဟန်းခံရှင်ပြု အလှူတို့ကိုပါ ကျင်းပမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများ၊ ဒုလ္လဘ ရဟန်းခံလိုသူများသည် ကျောင်းတိုက် အကျိုးတော်ဆောင်များ ဖြစ်သော ဦးခင်မောင်စိုး၊ ဆရာကြီးဦးမောင်စိန်၊ ဦးမင်းစိုးမင်းသူ၊ ဦးနိုင်ကိုဦး (ကျောင်းတိုက်ကျန်းမာရေးတာဝန်ခံ) တို့ ကြိုတင်စာရင်းပေးကြရန် နှိုးဆော် ထားကြောင်းသိရသည်။

(က-ပ)

မတ် ၁၀ရက်က ဗဟန်း အမက (၁၉) မိဘဆရာအသင်း အစည်းအဝေးနှင့် ဘက်စုံပညာ ရည်ချွန်ဆုချီးမြှင့်ပွဲတွင် ပထမတန်းမှ ပထမဆုရမောင်ထက်ဝေလျှံအား မြို့နယ်ပညာရေးမှူး ဒေါ်ကြူကြူဆွေက ဆုချီးမြှင့်စဉ်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၄–၃–၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
၈း၁၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၂၀ ၇။ ရွှေလီတံတား
၈း၃၀ ၈။ International News
၈း၄၅ ၉။ Grammar made Easy
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ Practice in Reading
၁၆း၄၅ ၄။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ
၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၁၇း၁၅ ၆။ တေးဂီတအစီအစဉ်
၁၇း၂၅ ၇။ အကပဒေသာ
၁၇း၃၅ ၈။ မြန်မာစာ၊မြန်မာစကား
၁၇း၄၅ ၉။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ အဆိုအကများ
၁၇း၅၀ ၁၀။ တေးဂီတအစီအစဉ်(မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၁၈း၀၅ ၁၁။ Discovery
၁၈း၁၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မျောက်မင်းဝူခုန်း"** (အပိုင်း–၇၅)
၁၈း၃၀ ၁၃။ ညနေခင်းသတင်း
၁၉း၀၀ ၁၄။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၅။ စက်မှုစွမ်းအားခေတ်ကျော်လွှား
၁၉း၂၀ ၁၆။ ဆွေးနွေးဖွေရှာ ကွန်ပျူတာနည်းပညာ(အပိုင်း–၂)
၁၉း၃၅ ၁၇။ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၉း၄၅ ၁၈။ အမျိုးသားညီလာခံ ဂုဏ်ပြုတေး
၂၀း၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သံစဉ်မဲ့ချစ်သူ"** (အပိုင်း–၄၆)
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏

ဟိတေသီသကြ်န် အလှူစုဘူးများ ပေးပို့လှူဒါန်းနိုင်

ရန်ကုန် မတ် ၁၃

မဟာစည် သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့ဝင်များအနေဖြင့် မိမိတို့ဆန္ဒအလျောက် လှူဒါန်းကြသော သကြ်န်အလှူစုဘူးများကို မတ်၁၅ ရက်မှစ၍ ဟိတေသီအဖွဲ့ မဟာစည်သာသနာ့ရိပ်သာ ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း–၅၅၅၄၇၂ သို့ ပေးပို့လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လေပွေလှိုင်းများကြောင့် မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် မတ် ၁၃

ယနေ့နံနက် မြန်မာစံတော်ချိန် ၉နာရီခွဲအချိန် တိုင်းထွာချက်များအရ အနောက်ဘက်မှ လာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ် မြောက်ပိုင်းနှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

ပန်းသတင်းဂျာနယ် အတွဲ(၁)၊အမှတ်(၂၀)ဖြန့်ချိ

ရန်ကုန် မတ် ၁၃

အယ်ဒီတာချုပ် ကိုကို (စက်မှုတက္ကသိုလ်)စီစဉ်သော Flower News ဂျာနယ် အတွဲ(၁)၊ အမှတ်(၂၀)တွင် အယ်ဒီတာ့ဒိုင်ယာရီ၊ ကမ္ဘာ့ရှားပါး ကျောက်မျက်စာရင်းဝင် ပိန်းနိုက်ကျောက် မြန်မာနိုင်ငံ ဖားကန့်တွင် ထပ်တွေ့၊ သဇင်ပန်းများကို တစ်ရှူး မျိုးပွားပြီးမှ ရောင်းမည်၊ ရုပ်ရှင်ကြည့်ရင်း တီဗွီကြည့်ရင်း စင်ကာပူခရီး လေယာဉ်စီးကြဖို့ပြင်စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ပုရိသတို့ စရိုက်ကြမ်း မကြမ်း လက်ညှိုးနှင့် လက်သူကြွယ်ကြည့်ရုံနှင့် သိမည်လား၊ အက်စ်ပရင်က အမျိုးသမီးများ လေဖြတ်ခံရခြင်းကို ကာကွယ်ပေး၊ စစ်တလင်းတို့ ကွပ်ကဲမည့် လက်ပတ်ဗီဒီယိုများ လာပြီစသည့် နိုင်ငံတကာရေးရာ သတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ အားကစားနှင့် ဖျော်ဖြေရေးကဏ္ဍစုံလင်စွာကို e-Empire Media House ဖုန်း– ၅၄၈၈၈၀ က ဖြန့်ချိထားကြောင်း သိရသည်။ **(က–ပ)**

ရွှေပြည်သာမြို့နယ် အမှတ်(၄၂) အခြေခံပညာမူလတန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၁၀ရက်က ကျောင်းခန်းမတွင်ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးညွန့်လွင်က ငါးနှစ်ဆက်တိုက် ပထမဆုရရှိသူ မဖြူဖြူအောင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က–ပ)

ကမ္ဘာတစ်လွှား အားကစား

အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်များကစား မန်ယူအသင်း လေးဂိုးပြတ်သွင်းပြီး အကြိုဗိုလ်လုပွဲတက်ရောက်

လန်ဒန် မတ် ၁၃

အင်္ဂလိပ်အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို မတ်၁၂ရက်က စတင်ကျင်းပရာ အက်ဖ်အေဖလား လက်ရှိချန်ပီယံ မန်ချက်စတာယူနိုက်တက်အသင်းက ဆောက်သမ်တန်အသင်းကို လေးဂိုးပြတ်အနိုင်ရရှိခဲ့သဖြင့် ချန်ပီယံအဖြစ် ဆက်လက်ရပ်တည်သွားမည့်ခြေစွမ်းရှိကြောင်း ပြိုင်ဘက်အသင်းများအား ခြေစွမ်းကို ပြသလိုက်သည်။

ယခုနှစ်ဘောလုံးရာသီ၌ ကားလင်းဖလား၊ ချန်ပီယံလိဂ်ဖလားတို့ကို လက်လွှတ်ဆုံးရှုံးခဲ့ရပြီး ပရီမီယာလိဂ်ချန်ပီယံအဖြစ်နှင့်ပါ အလှမ်းဝေးကွာနေပြီဖြစ်သော မန်ချက်စတာယူနိုက်တက်အသင်းအတွက် လက်ရှိ အက်ဖ်အေဖလားချန်ပီယံအဖြစ်ကို အစွမ်းကုန်ကာကွယ်ရတော့မည့် အနေအထားသို့ ရောက်ရှိနေပြီဖြစ်သည်။

အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဆောက်သမ်တန်အသင်းနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် မန်ယူအသင်းမှ ရှိုင်းကိန်း (လယ်) **အဖွင့်ဂိုးသွင်းယူလိုက်စဉ်။** (ဓာတ်ပုံ–အင်တာနက်)

အကောင်းဆုံးဘောလုံးသမားများပွဲထုတ်

ထို့ကြောင့် အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဆောက်သမ်တန်အသင်းနှင့် စိန့်မေရီကွင်း၌ ကစားရသည့်ပွဲကို မန်ယူတို့ အကောင်းဆုံးဘောလုံးသမားများဖြင့်ပွဲထုတ်ခဲ့ရာ ရှေ့တန်းတွင် နစ္စတယ်ရွိုင်းနှင့် ရွန်းနေ၊ အလယ်တန်းနှင့် တောင်ပံများတွင် ပေါလ်စခိုး၊ ရိုနယ်ဒို၊ ရှိုင်းကိန်းနှင့် ဖော်ကျွန်း၊ နောက်တန်းတွင် ဆီလ်ဗက်စတား၊ ဟိန့်ဇ်၊ ဖာဒီနန်နှင့် ဘရောင်းတို့ကိုထားကာ ဂိုးသမားအဖြစ် တင်ဟောင်းဝပ်ကို တာဝန်ယူစေခဲ့သည်။

ပွဲစသည်နှင့် မန်ယူအသင်း အနိုင်ရလိုစိတ်ပြင်းပြင်းဖြင့် တိုက်စစ်ဆင်ကစားရာ မန်ယူကွင်းလယ်သမားများပါ တိုက်စစ်တွင် ပူးပေါင်းအားဖြည့်ကစားသဖြင့် ပွဲစတင်ပြီး ၈စက္ကန့်မှာပင် မန်ယူအသင်းကပွတိန် ရှိုင်းကိန်းက စောစီးစွာ အဖွင့်ဂိုးသွင်းယူခဲ့သဖြင့် ဆောက်သမ်တန်တို့ ရုတ်တရက်အငိုက်မိသကဲ့သို့ဖြစ်ကာ ဂိုးပေးလိုက်ရသည်။

အချိတ်အဆက်မိမိ

အိမ်ကွင်း၌ စောစီးစွာ အဖွင့်ဂိုးပေးလိုက်ရသဖြင့် ဆောက်သမ်တန် တိုက်စစ်မှူးများဖြစ်သည့် ပီတာခရော့ချ်၊ ကာမာရာ၊ တယ်လ်ဖာနှင့် ဆဗင်ဆင်တို့က ကွင်းလယ်မှ ဂျာကိုဆင်၊ လန်ဒက်ဗင်၊ အော့လီတို့နှင့် အချိတ်အဆက်မိမိဖြင့် ချေပဂိုးရရှိရေး ပြန်လည်ထိုးဖောက်ကစားရာ မန်ယူနောက်တန်းမှ ကြိုးစားဟန့်တားခဲ့ရသည်။

ဆောက်သမ်တန်တို့ မနားတမ်းတိုက်စစ်ဆင်မှုကြောင့် မန်ယူတိုက်စစ်မှူး ရွန်းနေပင် နောက်တန်းအထိဆင်းပြီး ဘောလုံးသယ်ယူကာ ကွင်းလယ်ကစားကွက်မပြတ်အောင် ကြိုးစားကစားခဲ့ရာမှ ကစားကွက်ပြန်စီးမိပြီး ပွဲချိန် ၄၅မိနစ်တွင် ရိုနယ်ဒိုက တစ်ဂိုးသွင်းယူခဲ့သဖြင့် မန်ယူတို့ နှစ်ဂိုးအသာဖြင့် ဦးဆောင်နေခဲ့သည်။

အတွဲညီညီကစား

မန်ယူအသင်း ရှေ့တန်းတွင် ရွန်းနေနှင့် နစ္စတယ်ရွိုင်းတို့ အတွဲညီညီကစားနိုင်ပြီး ဆောက်သမ်တန်အသင်း နောက်တန်းလူများ ၎င်းတို့အားအာရုံစိုက်နေစဉ်မှာပင် ပွဲချိန် ၄၈မိနစ်၌ အလယ်တန်းလူ ပေါလ်စခိုးက တစ်ဂိုးသွင်းယူခဲ့ပြန်သဖြင့် သုံးဂိုးပြတ်အနိုင်ရနေခဲ့သည်။

ဆောက်သမ်တန်တို့ ကစားကွက် တည်မရဖြစ်ကာ ချေပဂိုးများပြန်လည်သွင်းနိုင်အောင် ကြိုးစားသော်လည်း မန်ယူနောက်တန်းကို မကျော်နိုင်ဘဲဖြစ်နေရာမှ ပွဲချိန် ၈၇မိနစ်တွင် ပေါလ်စခိုးကပင် တစ်ဂိုးထပ်မံသွင်းယူခဲ့သဖြင့် မန်ယူတို့ လေးဂိုး–ဂိုးမရှိဖြင့် ပြတ်ပြတ်သားသား အနိုင်ရရှိကာ အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

အာဆင်နယ်

မန်ယူအသင်း အက်ဖ်အေဖလား ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သလိုပြိုင်ဘက် အာဆင်နယ်အသင်းလည်း ဘော်လ်တန်အသင်းကိုနိုင်ပြီး အက်ဖ်အေဖလားဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သဖြင့် အကြိတ်အနယ်ရှိလာပြီဖြစ်သည်။

သို့သော် ကစားသမား ၁၀ဦးတည်းဖြင့် ကစားခဲ့ရသော ဘော်လ်တန်အသင်းကို အာဆင်နယ်အသင်းက ဂိုးပြတ်မသွင်းနိုင်သည့် ခြေစွမ်းမှာ မန်ယူလက်မှ အက်ဖ်အေဖလားရယူနိုင်သော ခြေစွမ်းမျိုးမဟုတ်သဖြင့် ပိုမိုကြိုးစားရမည်ဖြစ်ကြောင်း အာဆင်နယ်နည်းပြ အာဆင်ဝင်းဂါးက ပြောကြားခဲ့သည်။ **(အင်တာနက်)**

အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဘော်လ်တန်အသင်းနှင့် အာဆင်နယ်အသင်းတို့ပွဲတွင် အာဆင်နယ်အသင်းမှ ယွန်းဘတ် (ဝဲ) **ထိုးဖောက်ဂိုးသွင်းစဉ်။** (ဓာတ်ပုံ–အင်တာနက်)

ဆိုးလ်နိုင်ငံတကာ မာရသွန်ပြိုင်ပွဲ ကင်ညာနိုင်ငံသားနှင့် တရုတ်နိုင်ငံသူဗိုလ်စွဲ

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပသည့် နိုင်ငံတကာ မာရသွန်အပြေးပြိုင်ပွဲတွင် ကင်ညာနိုင်ငံသား ဝီလျံကစ်ပ်ဆန် ပန်းဝင်လာသည်ကိုတွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဆိုးလ် မတ် ၁၃

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ မတ်၁၃ရက်က '၂၀၀၅ ဆိုးလ်နိုင်ငံတကာ မာရသွန်ပြိုင်ပွဲ'တစ်ရပ် ကျင်းပခဲ့သည်။

အဆိုပါ ဆိုးလ်နိုင်ငံတကာ မာရသွန်ပြိုင်ပွဲတွင် ကမ္ဘာ့နိုင်ငံအချို့မှ နာမည်ကြီး မာရသွန်အပြေးသမားများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အမျိုးသား ပြိုင်ပွဲတွင် ကင်ညာနိုင်ငံမှ ဝီလျံကစ်ပ်ဆန်က အနိုင်ရဗိုလ်စွဲခဲ့သည်။

ဝီလျံ ကစ်ပ်ဆန်၏ အပြေးစံချိန်မှာ ၂နာရီ၊ ၈မိနစ်နှင့် ၅၃ စက္ကန့်ဖြင့် အနိုင်ရ ဗိုလ်စွဲသွားခြင်း ဖြစ်သည်။

အမျိုးသမီး ပြိုင်ပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချန်စီယူက အနိုင်ရဗိုလ်စွဲခဲ့သည်။

ချန်စီယူ၏ ပြေးပွဲစံချိန်မှာ ၂ နာရီ ၂၃ မိနစ်နှင့် ၂၄ စက္ကန့်ဖြစ်သည်။ **ရိုက်တာ။**

လိုင်ယွန်အသင်း ထိပ်ဆုံးမှဦးဆောင် အစ်ထရက်ကို နှစ်ဂိုး–တစ်ဂိုးဖြင့်နိုင်

ပါရီ မတ် ၁၃

ပြင်သစ်ပထမတန်း ဘောလုံးပြိုင်ပွဲများကို စနေနေ့ကကျင်းပခဲ့ရာ အိုလံပစ်လိုင်ယွန်အသင်းက အောက်တန်းမှ အစ်ထရက်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် နိုင်ခဲ့သည်။

လိုင်ယွန်အသင်းအတွက် အဖွင့်ဂိုးကို ၁၉မိနစ်တွင် ဂျူနင်ဟိုက သွင်းပေးခဲ့သည်။ မိနစ် ၃၀တွင် ဒီရာရီက အစ်ထရစ်အတွက် ချေပဂိုးသွင်းခဲ့သည်။ လိုင်ယွန်အသင်းအတွက် အနိုင်ဂိုးကို ဂိုဘိုက သွင်းယူပေးသည်။

လိုင်ယွန်အသင်းသည် ရှစ်မှတ်အသာဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။ လိုင်ယွန်သည် ချန်ပီယံ သုံးကြိမ်ဆွတ်ခူးခဲ့ဖူးသည့် အသင်းဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ။**

စပိန်ထိပ်သီး ဘာစီလိုနာ ဘီလ်ဘာအိုကို နှစ်ဂိုးသွင်းနိုင်

ဖရန့်ဖွတ် မတ် ၁၃

စပိန် ပရီမီယာလီဂါဘောလုံးပွဲစဉ်များကို စနေနေ့က ယှဉ်ပြိုင်ကစားရာ ဘာစီလိုနာအသင်းက ဘီလ်ဘာအိုအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့်နိုင်ခဲ့သည်။

ဘာစီလိုနာအသင်းသည် ချန်ပီယံလိဂ်တွင် ချယ်လ်ဆီးကို ရှုံးခဲ့ပြီးနောက် ပရီမီယာလီဂါတွင်ထိပ်ဆုံးမှဆက်လက်ဦးဆောင်နိုင်ရန်ကြိုးစားကစားခဲ့သည်။

ဘာစီလိုနာအသင်းအတွက် အနိုင်ဂိုးများကို ပေါ်တူဂီကွင်းလယ်ကစားသမား ဒေကိုက တစ်ဂိုး၊ပြင်သစ် တောင်ပံကစားသမား လူဒိုဗစ်က တစ်ဂိုးသွင်းယူခဲ့သည်။ **ရိုက်တာ။**

အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေး လက်တွေ့ဆောင်ရွက်မှု ကြည့်ရှု

ရန်ကုန် မတ် ၁၃

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် ဝါဝါသန်း အလှပြင်ဆိုင်တို့ ပူးပေါင်း ဖွင့်လှစ်လျက်ရှိသော အခြေခံ ဆံပင်၊ မိတ်ကပ်အလှပြင်သင်တန်းသူများသည် မတ် ၇ရက်က မရမ်းကုန်းမြို့နယ် ခဝဲခြံ မျက်မမြင် သင်တန်းကျောင်းသို့သွားရောက်ပြီး ဆံပင်ညှပ်ခြင်း၊ ပြုပြင်ပေးခြင်းများကို လက်တွေ့ဆောင်ရွက်ကြသည်။ ထိုသို့ လက်တွေ့ဆောင်ရွက်ရာတွင် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်အေးအေး၊ အဖွဲ့ဝင်များဖြစ်ကြသော ဒေါ်ခင်မြင့်မြင့်၊ ဒေါ်သီတာတင်နှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးကြသည်။

(ယာပုံ)

ဆက်လက်၍ အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်အေးအေးနှင့် အဖွဲ့ဝင်များက ခဝဲခြံ မျက်မမြင်ကျောင်းသို့ အလှူငွေကျပ် ၅၀၀၀၀ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (က-ပ)

အထက(၂)လှိုင် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် မတ် ၁၃

အထက(၂)လှိုင် (ယခင် ဒေါ်သာထက် အထက်တန်းကျောင်း)ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဧပြီ ၃ရက်(တနင်္ဂနွေနေ့)တွင် ကျောင်းခန်းမတွင် ကျင်းပမည်ဖြစ်သည်။ ရပ်ဝေးရပ်နီးရှိ အထက(၂)လှိုင် (ဒေါ်သာထက်ကျောင်း)ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် လှူဒါန်းလိုပါက ဦးမင်းဇော် ဖုန်း-၅၃၄၉၃၆၊ ဦးချစ်ဦး ဖုန်း-၅၀၄၉၁၂၊ ဦးခင်မောင်မြင့် ဖုန်း-၅၂၇၂၁၇၊ ဦးကျော်ဝင်း ဖုန်း-၀၉-၅၀၀၉၆၁၇၊ ၂၅၆၉၂၉၊ ဦးကျော်သူ ဖုန်း-၀၉-၈၉၂၄၉၉၄၊ ၅၂၆၂၇၁နှင့် ဒေါ်တင်တင်ဌေး ဖုန်း-၅၁၁၈၁၅တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မြေကွက်များ ရောင်းချရန် ကြော်ငြာခြင်း

၁။ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် မြေကွက်များ ရောင်းချမည်ဖြစ်ပါသည်။

၂။ မြေကွက်များကို အတန်းအစား လေးမျိုးခွဲခြား၍ သတ်မှတ်ဈေးနှုန်းများဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၃။ မြေကွက်လျှောက်လွှာတစ်စောင်လျှင် ကျပ် ၅၀၀နှုန်းဖြင့် အောက်ပါနေရာများတွင် ရောင်းချနေပြီဖြစ်ပါသည်။

(က) နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန(ရုံးချုပ်) ဖုန်း-၀၁-၂၄၅၀၈၆

(ခ) နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန(မန္တလေးရုံးခွဲ) ဖုန်း-၀၂-၃၉၂၇၅

(ဂ) မူဆယ်(၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးရုံး ဖုန်း-၀၈၂-၅၂၁၀၃

၄။ လျှောက်လွှာများကို အထက်ပါနေရာများတွင် ၂၀-၃-၂၀၀၅ရက် နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ် ၁၂နေ
(ဦးဌေးဝင်း)-ဒေါ်ခင်လှမူတို့၏သား

ဗိုလ်ကြီးဇေယျာဝင်း B.A (History)

နှင့်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ဟံသာရိပ်မွန်အိမ်ရာ
တိုက် ၁/၁၃၊ အခန်း ၂၀၉/၂၁၀နေ
ဦးအုံးငွေ(ခ)ဦးအောင်ကျော်-ဒေါ်စန်းမြင့်တို့၏သမီး

မနှင်းယဉ်ဝင်း
B.Sc (Chemistry) Q, M.Sc (Chemistry) Year II
နည်းပြ(ဓာတုဗေဒ)၊ ယွန်းပညာကောလိပ်

တို့အား ၃-၃-၂၀၀၅ရက်၌ ထိမ်းမြားမင်္ဂလာ မော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ဦးမြသိန်း(ညွှန်ကြားရေးမှူး၊ ပြစ်မှု၊ တရားရုံးချုပ်)အားလည်းကောင်း၊ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးသော ဒေါ်ကြင်ဦး(ပါမောက္ခ/ဌာနမှူး၊ ဥပဒေပညာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)အားလည်းကောင်း၊ ၆-၃-၂၀၀၅ရက်တွင် ယုဇနဂါးဒင်းဟိုတယ်၌ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းပေးသော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်မြဝင်း၊ မင်္ဂလာလက်စွပ် ဆင်မြန်းပေးသော အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်သန်းနှင့်ဇနီး ဒေါ်အေးမြင့်မူတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော ဒေါ်ရီရီသန့်၊ မင်္ဂလာပန်းကြဲပေးသော မအေးအေးသက်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဇန်းကိုင်ဆောင်ပေးသော မမေဖြိုးယဉ်ဝင်းနှင့် မမြတ်ပန်းအိ၊ သတို့သားအရန် ဗိုလ်ကြီးညီလန်းချိုနှင့် သတို့သမီးအရန် မဆွေဇင်ဦးတို့အားလည်းကောင်း၊ တေးဂီတ The Aces နှင့် မေတ္တာဖြင့် သီဆိုပေးသော တေးသံရှင် စည်သူလွင်၊ မင်္ဂလာဝတ်စုံ နိုင်နိုင်(သူ့အလှ)၊ မိတ်ကပ် ကိုမာ၊ ဓာတ်ပုံနှင့်ဗီဒီယို ဦးမောင်မောင်ညွှပ်နှင့် မြန်မာ့ရုပ်မြင်သံကြားအဖွဲ့တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ ယုဇနဂါးဒင်းဟိုတယ်မှ ဝန်ထမ်းများနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာကျေးဇူး ဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးဇေယျာဝင်း-မနှင်းယဉ်ဝင်း။



မြန်မာ့အလင်းသတင်းစာကြော်ငြာဌာန မြို့တွင်း၌ တိုးချဲ့ဖွင့်လှစ်လက်ခံလျက်ရှိ

ရန်ကုန် မတ် ၁၃

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိအမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄၌ ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက် အမှတ် ၂၂/၃၀၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၉၆၈၄၃တွင် မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ နေ့စဉ် နံနက် ၁၀နာရီမှ မွန်းလွဲ ၂နာရီအထိ ကြော်ငြာများ လက်ခံပေးလျက်ရှိသည်။ (မြန်မာ့အလင်း)



မှော်ဘီမြို့နယ် ခရိုင်ချင်းဆက်လမ်း အမှတ်(၁)ဖောက်လုပ်ပြီးစီးပါက ရန်ကုန်မြို့အတွင်းသို့အချိန်တိုအတွင်းသွားနိုင်မည်

မှော်ဘီ မတ် ၁၀

စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမျိုးမြင့်သည် စည်ပင်သာယာရေးဦးစီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၆ရက် နံနက်ပိုင်းက မှော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်း အမှတ်(၁)ဖောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့အား ခရိုင်ချင်းဆက်လမ်းနှင့် ညောင်နှစ်ပင်ဆက်သွယ်သည့် လမ်းမကြီးဆုံမည့်နေရာကို ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြံတိုင်းဆောင်နှင့် တာဝန်ရှိသူများက မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် အင်းကန်၊ ဝါးနက်ချောင်းမှ ကြာအင်း(အရှေ့)နှင့် ညောင်နှစ်ပင်ဒေသများသို့ ဆက်သွယ်ဖောက်လုပ်မည့် လမ်းအူကြောင်းအခြေအနေကို ကွင်းဆင်း စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်သည် ဝါးနက်ချောင်းကျေးရွာ လမ်းဆုံမှ ကြာအင်း(အနောက်)ကျေးရွာနှင့် အမှတ်(၃)လမ်းမကြီးတို့ ဆက်သွယ်မည့်လမ်းကို စည်ပင်သာယာရေးဦးစီးဌာနပိုင် စက်ယန္တရားကြီးများဖြင့် ဖောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးရာ**(အပေါ်ယာပုံ)** တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများ ရှင်းလင်းတင်ပြသည်။ ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းဆောင်ရွက်ရာတွင် အလေအလွင့်နည်းပါးစွာဖြင့် အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးရေး၊ မိုးမကျမီပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ပြီး တစ်ကြောင်းထိုး ဆောင်ရွက်ပြီးစီးသည့် လမ်းအူကြောင်း တစ်လျှောက် မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ခရိုင်ချင်းဆက်လမ်း အမှတ်(၁)ဆောင်ရွက်ပြီးစီးပါက မှော်ဘီမြို့နယ်ရှိ ဝါးနက်ချောင်းကျေးရွာ၊ အခြားကျေးရွာအုပ်စုများနှင့် ညောင်နှစ်ပင်ဒေသ စိုက်ပျိုးမွေးမြူရေး အထူးဇုန်သို့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည့်အပြင် ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းရှိ မြို့နယ်များသို့ ဆက်သွယ်သွားလာရာတွင် အမှတ်(၃) လမ်းမကြီးမှ တစ်ဆင့် ရန်ကုန်မြို့အတွင်းသို့ အချိန်တိုအတွင်း တိုက်ရိုက် သွားနိုင်မည်ဖြစ်သည်။ **(နယ်စပ်/စည်ပင်)**

ပြည် ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ခရမ်းမြို့နယ် တာဝန်ခံ)မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန ဝန် ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း လှူဒါန်းသည့် ကန်သာကျေးရွာ နှစ်လက်မ စက်ရေတွင်းမှ ရေစမ်းသပ်မှုတ်ထုတ်နေမှုကို ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးလင်းနှင့်အဖွဲ့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။
(မြို့နယ် စည်ပင်)

ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများဖွင့်ပွဲ

တောင်သာမြို့နယ် ကျေးရွာများတွင်ကျင်းပ

တောင်သာ မတ် ၂

တောင်သာမြို့နယ် ဘုရားလှ စံပြကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၇ရက် ည၇နာရီက အဆိုပါစက်ရုံ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ဘုရားလှကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းဝင်းက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကျေးရွာဥက္ကဋ္ဌ ဦးနီတိုးက ကျေးဇူးတင်စကား ပြောကြားသည်။

ထန်းပင်ကန်ကျေးရွာ

အလားတူ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၈ရက်ည ၆နာရီက ထန်းပင်ကန်ကျေးရွာတွင် ဆက်လက်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစောသန်းဆွေက စက်ရုံကိုဖွင့်လှစ်ပေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇန်နဝါရီ ၂၅ရက်က ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင် လိပ်ချင်းကျေးရွာနေ ဦးခင်မောင်မြင့်-ဒေါ်အေးတို့၏ တန်ဖိုးနည်းအိမ်ရာကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူက ရှင်းလင်းတင်ပြစဉ်။
(မြို့နယ် စည်ပင်)

ကျေးလက် တစ်ခွင် ဖွံ့ဖြိုးစည်ပင်

မြိတ်မြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်များဖွင့်

မြိတ် ဖေဖော်ဝါရီ ၂၈

တနင်္သာရီတိုင်း မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သည့် ကန်ဖျားနယ်မြေ မန္တလေးကျောင်းလမ်း ကတ္တရာလမ်းသစ်နှင့် ဖွားမင်းသိုက်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲများကို ဖေဖော်ဝါရီ ၁၀ရက် နံနက် ၉နာရီက ကျင်းပသည်။

အဆိုပါလမ်းနှစ်လမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်အေး၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းနှင့် ကန်ဖျားရပ်ကွက် ဥက္ကဋ္ဌ ဦးချစ်လွင်တို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

ယခု ဖွင့်လှစ်လိုက်သော မန္တလေးကျောင်းလမ်း ကတ္တရာလမ်းသစ်မှာ အရှည်ပေ ၅၈၀၊ အကျယ်၁၈ပေ ရှိပြီး စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေမှ ကျပ် ၁၄၁၀၀၀၀ ဖြင့်လည်းကောင်း၊ ဖွားမင်းသိုက် ကတ္တရာလမ်းသစ်မှာ အရှည်ပေ ၁၀၆၀၊ အကျယ် ၁၂ပေရှိပြီး ဒေသခံ ပြည်သူများ၏ ထည့်ဝင်ငွေကျပ် ၁၁၆၂၀၀၀၊ စည်ပင်သာယာရေးအဖွဲ့မှ ထည့်ဝင်ငွေကျပ် ၈၅၀၀၀၀ စုစုပေါင်း ၂၀၁၂၀၀၀ တို့ဖြင့်လည်းကောင်း အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ဂုဏ်ပြု မြင်းခြံမြို့နယ်တွင် စက်ရေတွင်းဖွင့်

မြင်းခြံ မတ် ၁၁

နှစ် (၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တူးဖော်ဆောင်ရွက်ပေးခဲ့သော လေးလက်မ စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို မတ်၉ရက် နံနက် ၉နာရီက မြင်းခြံမြို့နယ် ဂျုပ်ပင်ကျေးရွာ စက်ရေတွင်းရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် စက်ရေတွင်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ချင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးသိန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

သောက်သုံးရေဖူလုံ

အဆိုပါ စက်ရေတွင်းမှာ လေးလက်မ စက်ရေတွင်းဖြစ်ပြီး ရေထွက်နှုန်း တစ်နာရီ ဂါလန်၁၂၀၀ထွက်ရှိပြီး ကျေးရွာပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ရာ စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပေးသော စက်ရေတွင်း နှစ်တွင်းရှိပြီဖြစ်၍ ကျေးရွာလူဦးရေ ၄၀၀ကျော်တို့မှာ နွေရာသီ ရေခက်ခဲမှုမှ ကင်းဝေးကြပြီး လူတိုင်း သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိခံစားနေရပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပြတွင်လမ်းသုံးလမ်း အရှည် ၅ဒသမ၆၂ဖာလုံ၊ အကျယ် ၁၂ပေ ကတ္တရာခင်းခြင်းလုပ်ငန်းများဆောင်ရွက်ရာ ဖေဖော်ဝါရီ၁၈ရက်က ပျော်ဘွယ်မြို့ ရှမ်းပွဲရပ်ကွက် နိဗ္ဗာန်လမ်း အရှည် ၁၂၂၅ပေ၊ အကျယ် ၁၂ပေ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

ကိုယ့်အားကိုယ်ကိုး ကျေးလက်တံတားတည်ဆောက်

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၂၈

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျွန်းကြီးကျေးရွာ မော်လမြိုင်ကျွန်း- ကျွန်းဒိတ်လမ်းပေါ်ရှိ တိုက်ကျောင်း ချောင်းကူး သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ၆ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၃) ဦးချစ်ဝင်းဇော်တို့က ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ အဆိုပါ ချောင်းကူး သံကူကွန်ကရစ်တံတားမှာ အရှည် ၄၄ပေ၊ အကျယ်၁၁ပေရှိပြီး ပြည်သူများထည့်ဝင်ငွေ ကျပ် ၄၅သိန်းဖြင့် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။**(ယာပုံ)** **(မြို့နယ် စည်ပင်)**

ပါဠိပထမပြန် စာဖြေသံဃာတော်များ ချောက်မြို့၌ အောင်လက်မှတ်ဆက်ကပ်

ချောက် မတ် ၁၀

နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ပါဠိပထမပြန်စာဖြေသံဃာတော်များ အောင်လက်မှတ်ဆက်ကပ်သည့် စုဋ္ဌဘွဲ့နှင်းသဘင်အခမ်းအနားကို မတ် ၆ ရက် မွန်းလွဲ ၁ နာရီက ချောက်မြို့ အမှတ်(၁၁)နယ်မြေ ဗဟိုကွက်သစ်ရပ်ရှိ သာသနာ့ဗိမာန်တွင် ကျင်းပသည်။

ရှေးဦးစွာ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတုသုံးကြိမ်ရွတ်ဆို၍အခမ်းအနားကို ဖွင့်လှစ်ပြီး ဧည့်ပရိသတ်များက မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဦးကောဝိဒထံမှ ငါးပါးသီလ ခံယူကြသည်။

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးသီဟက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး စာအောင်သံဃာတော်များနှင့် သီလရှင်များအား အောင်လက်မှတ်များ ဆက်ကပ်ကြသည်။

(အပေါ်ဓါတ်ပုံ)

ထို့နောက် မြို့နယ် သံဃနာယက ဆရာတော်နှင့် စာအောင်သံဃာတော်များ၊ သီလရှင်များအား အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော စည်ပင်သာယာလမ်း ၂၄ပေအကျယ် ကတ္တရာခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးနေဝင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ကိုလတ်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မေမျိုးနိုင်တို့က ရှင်းလင်းပြသကြစဉ်။ (မြို့နယ်စည်ပင်)

တာဝန်ပေးအပ်

ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်၏ ၂၀၀၅-၂၀၀၆ ခုနှစ် မိုးကြိုဂုန်လျှော်၊ ချဉ်ပေါင်လျှော်သီးနှံစိုက်ပျိုးရေးစီမံကိန်း တာဝန်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က ရွှေဝါလတ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြဟန်က ဆူးဂဏန်းကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမြင့်ဋ္ဌေးအား တာဝန်ပေးအပ်လွှာ ပေးအပ်စဉ်။ (က-ပ)

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် အေးရွာလေးကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂ ရက်က ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသာနိုးအောင်နှင့် အလှူရှင် ဦးကျင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ထမနဲထိုးပြိုင်ပွဲကျင်းပ

စစ်တွေ ဖေဖော်ဝါရီ ၂၈

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှုဖြင့် ဖေဖော်ဝါရီ ၂၃ ရက်(တပို့တွဲလပြည့်နေ့)တတိယအကြိမ် ထမနဲထိုးပြိုင်ပွဲကိုညနေ ၆ နာရီက လောကနန္ဒာစေတီ ပရိဝုဏ်အတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဗိုလ်မှူးချုပ်သန်းထွန်းအောင်က အမှာစကားပြောကြားပြီး ထမနဲထိုးပြိုင်ပွဲ အမှတ်ပေးဒိုင်အဖွဲ့ဥက္ကဋ္ဌ ပြည်နယ်တရားသူကြီး ဦးသန်းမြိုင်က အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲကို စတင်ကျင်းပသည်။

ဆက်လက်ပြီး ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ပထမဆုရ စည်ပင်သာယာဦးစီးဌာနအသင်း၊ ဒုတိယဆုရ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အသင်း၊ တတိယဆုရရှိသည့်စက်ရုံစုရပ်ကွက်အသင်းတို့အား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

တောင်ငူမြို့ ကန်တော်ကြီး သန့်ရှင်းသာယာလှပရေးအတွက် တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကန်တော်ကြီးရေပြင်အတွင်း ရေပေါ်သွား မြေထိုးစက်ဖြင့် ဒိုက်၊ မြက်၊ ချုံနှင့် ဗေဒါများ ဆယ်ယူခြင်း လုပ်ငန်းကို ဖေဖော်ဝါရီ ၈ ရက်က အမှုဆောင်အရာရှိ ဦးကိုကိုနိုင် ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ

၁၅-၃-၂၀၀၅(အင်္ဂါနေ့) နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဗောဇ္ဈင်္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ရွှေတောင်အဆင့်မြင့် ချည်မျှင်၊ အထည်နှင့် အချောကိုင်စက်ရုံ)

၁၁း၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် [မင်းလုလင်(ခေါ်)စောလူးမင်း] (ဒေါက်တာမတင်ဝင်း)

၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (ပြောသင့်သည့်စကား- ဒေါက်တာကျော်စိန်)

၁၂း၂၀ ဇာတ်လမ်းပမာနားဆင်စရာ (အဖော်မွန်)

၁၂း၄၅ မျက်မှောက်ရေးရာဆွေးနွေးစရာ

ညနေပိုင်း

၁၆း၁၀ ဟောပြောချက် (တပ်မတော်အင်အား တိုင်းပြည်အင်အား)

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၁၀ ကမ္ဘာ့ဂီတ

၁၇း၃၀ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (ကျဲကျဲလှမ်း၊ သွက်သွက်လျှောက်)

၁၈း၁၅ ကျေးလက်ဇာတ်လမ်း (ကြွေစမ်းပါစေ)

၁၉း၁၅ ကျန်းမာရေးနှင့် ဆေးပညာ (ဆားလျှော့စားပါ)

၂၀း၃၀ ကလေးများ၏ ပုံပြောပြိုင်ပွဲ

'ဒေင်အိပ်မက်' ဇာတ်ကားသစ် ရုံတင်ပြသမည်

ရန်ကုန် မတ် ၁၃

လာမည့် သောကြာပတ်တွင် လပ်ကီးဆဲဗင်းရုပ်ရှင်မှ ဒါရိုက်တာ မောင်ဗေဒါ ရိုက်ကူး၍ ရန်အောင်၊ လွင်မိုး၊ ထက်ထက်မိုးဦးတို့ သရုပ်ဆောင်များပါဝင်သည့် **'ဒေင်အိပ်မက်'** ဇာတ်ကားသစ် ရုံတင်ပြသမည်ဖြစ်သည်။

ဇာတ်ကားကို မတ် ၁၈ရက် သောကြာနေ့တွင် နဝဒေး၊ ရွှေမန်း၊ စံပြ၊ သီတာနှင့် မြရတနာရုံများ၌ ရုံတင်ပြသမည်ဖြစ်သည်။ ဂျပန်ပြည် နောက်ခံလှပသော ရှုခင်းများဖြင့် ရိုက်ကူးထား၍ အင်္ဂလိပ်စာတန်းထိုး၍ ပြသသော ဇာတ်ကားဖြစ်သည်။

ဒေင်အိပ်မက်ဇာတ်ကားမှ ထက်ထက်မိုးဦး၏ သရုပ်ဆောင်ဟန်။

'လရောင်နမ်းတဲ့အလွမ်းသစ်ပင်'

ဒါရိုက်တာ စင်ရော်မောင်မောင် ရိုက်ကူး၍ ဂျပန်အမျိုးသား သရုပ်ဆောင် မီချိတာဂနာဂါဆူကာနှင့် ထွန်းအိန္ဒြာဗို၊ ညွှန့်ဝင်းနှင့် နှင်းဆီတို့ ပါဝင်သရုပ်ဆောင်ထားသော **'လရောင်နမ်းတဲ့အလွမ်းသစ်ပင်'**

မောင်ဆွေထွန်း

သည်။ တစ်ခေတ်က မောင်နှံ့ခုနစ်ဖော်ဇာတ်ကားကို ပြန်လည်ရိုက်ကူးခြင်းဖြစ်သည်။ ။

လရောင်နမ်းတဲ့ အလွမ်းသစ်ပင် ဇာတ်ကားမှ သရုပ်ဆောင် မီချိတာဂနာဂါဆူကာနှင့် ထွန်းအိန္ဒြာဗိုတို့၏ အမူအရာ။

'ခုနစ်နှစ်လီ' ဇာတ်ကား ရိုက်ကူးပြီးစီး

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ရန်ပုံငွေအတွက် ဒါရိုက်တာခင်စောမျိုး ရိုက်ကူးသည့် **'ခုနစ်နှစ်လီ'** ဇာတ်ကားမှာ ရိုက်ကူးပြီးစီး၍ ရုံတင်ပြသရန် စီစဉ်လျက်ရှိသည်။ ထိုဇာတ်ကားတွင် ကျော်သူ၊ ခန့်စည်သူ၊ မင်းအုပ်စိုး၊ နေတိုး၊ မေသန်းနု၊ ထူးမွန်၊ ဝိုင်းစုခိုင်သိန်းတို့ ပါဝင်သရုပ်ဆောင်ကြ

ခုနစ် နှစ်လီဇာတ်ကားမှ အမျိုးသား သရုပ်ဆောင်များ။

ရတနာဇာတ်ကား ရိုက်ကူးရန်ထွက်ခွာ

ရန်ကုန် မတ် ၁၃

ဒါရိုက်တာ အိအိခိုင်က ၎င်း၏ ပဉ္စမဇာတ်ကားအဖြစ် **'ရတနာ'** အမည်ဖြင့် ရုပ်ရှင်ဇာတ်ကားရိုက်ကူးရန် မတ် ၁၀ ရက်က မန္တလေးမြို့သို့ ထွက်ခွာသွားသည်။

စာရေးဆရာမင်းတင်ထွဏ်း၏ **'အပြာရောင်မျဉ်းပြိုင်များရဲ့ဆုံမှတ်'** ဝတ္ထုကို ကျော်သူ၊ ဖိုးသောကြာ၊ ဇာဂနာ၊ ထွန်းအိန္ဒြာဗို၊ မေသန်းနုနှင့် ပုလဲဝင်းတို့ ရိုက်ကူးမည်ဖြစ်ပြီး ရှေးဦးစွာ မန္တလေး ဆည်တော်လေး၊ အုန်းကျောဒေသများ၌ ရိုက်ကူးမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တောင်ငူမြို့နယ်အတွင်းရှိ ဆရာတော်ကြီးများအား ဆွမ်းဆန်တော်၊ဆီနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း

ရန်ကုန် မတ် ၁၃

ပဲခူးတိုင်း တောင်ငူမြို့ပေါ်နှင့် တောင်ငူမြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား ဆွမ်းဆန်တော်၊ ဆီနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို မတ် ၁၂ ရက် နံနက် ၉ နာရီတွင် တောင်ငူမြို့ သာသနဟိတကာရီဗိမာန်တော်ကြီး၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်ကြည်ညိုပြီး ဆွမ်းဆန်တော်၊ ဆီနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် တောင်ငူမြို့ ဓမ္မာစရိယတက္ကသိုလ် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ခန္တီသာရအမှူးပြုသည့် ကျောင်းတိုက်အသီးသီးမှ ပဓာနနာယကဆရာတော်ကြီးများ စုစုပေါင်း၁၀၈ပါးတို့ **စာမျက်နှာ ၃ ကော်လံ ၁ ***

သံတောင် တောင်စခန်းမြို့

မတ် ၁၁ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကရင်ပြည်နယ် သံတောင်မြို့နယ် သံတောင်–တောင်စခန်းမြို့၏သာယာလှပမှုကို ကြည့်ရှုစဉ်။

(သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



မြန်မာ့အလင်း

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

❒ နိုင်ငံတော်က ရှေ့ကျောင်ဒေသအပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံအဆောက်အအုံများကို ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိရာ ဒေသခံတိုင်းရင်းသားပြည်သူများကလည်း မိမိဒေသ ပိုမို ဖွံ့ဖြိုး တိုးတက်လာစေရေး ဝိုင်းဝန်းကြိုးပမ်း။

ခေါင်းကြီး (စာ–၂)

❒ ပြည်ပနိုင်ငံကြီးအချို့က နိုင်ငံရေးပါတီအချို့ ပါဝင်မှ အမျိုးသားညီလာခံဟာ တရားဝင်မယ်၊ နိုင်ငံရေးပါတီအချို့ ပါဝင်သင့်တယ်ဆိုတဲ့ ဝေဖန်ပြောဆိုမှုတွေဟာ မြန်မာတစ်မျိုးသားလုံးအကျိုးအတွက် မဟုတ်ဘဲ တစ်ဖွဲ့တစ်စုအတွက်သာဖြစ်နေ။

အောင်မိုးစံ၏ဆောင်းပါး (စာ–၁၀)